မန္တလေးတိုင်းဒေသကြီး၊
ကျောက်ဆည်မြို့နယ်၊ ကြောင်ပန်းကုန်းကွင်းအတွင်းရှိ

သမိုင်းဝင်

# တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး



မိုး(ကျောက်ဆည်)

မြို့ကျောက်ဆည် နယ်ဒေသ၊ သာသနာ့ အောင်မြေ
အနော်ရထာ မင်းမြတ်ပရမေ၊ ဘုန်းရောင်တွေ ဝင့်ကြွား
ထေရ်အရဟံ မိန့်တော်ခံကာ၊ သာသနာ ဦးထိပ်တင်ထား

ရွှေဆပ်သွား မြတ်ရွှေဂူ၊ ကိုးဆူစီ ဆင့်ပွား
မုဋ္ဌောပါ ကိုးဆူထားလို့၊ သဒ္ဓါပွားပူဇော်
ဆည်ကိုးဆည် ရေစင်ဖျန်းကာပ၊ ရွှေငွေပန်း ပွင့်လန်းစေသော်

နယ်သူသားတို့ မင်္ဂလမ်းမျှော်သည်၊ ကောင်းမှုတော် ကိုယ်စီပွားယှဉ်ဖို့
ပါရမီ ပုည ရေအလျှဉ်၊ စီးကျ တသွင်သွင်
ပြည်မြန်မာ့ ကျေးဂုဏ်ရှင်ကို၊ မော်ကွန်းတင် ဂုဏ်ပြုလို့လေး။





ကိုသက် [KSE]
စံကောင်း–ပုံနှိပ်
(ကျောက်ဆည်)

သမိုင်းဝင်

# တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး

## မိုး

(ကျောက်ဆည်)

သာသနာ- ၂၅၅၈

ကောဇာ-၁၃၇၆

## စဉ်းစားဖွယ်

လူမျိုးတစ်မျိုး၏ ....
ဘာသာရေး ကိုးကွယ်ယုံကြည်မှု၊
လူနေမှု ဘဝအဆင့်အတန်း၊
စာရိတ္တကောင်းမွန်မှုများကို
ရှေးရှေးသော
အဘိုးအဘွား အစဉ်အဆက်တို့၏
ပြောဆိုနေထိုင်
လုပ်ကိုင်ဆောင်ရွက်မှု
သမိုင်းအထောက်အထားများနှင့်
ယဉ်ကျေးမှုအမွေအနှစ်များက
ဖော်ညွှန်းပြသလျက် ရှိသည်။

# ဂုဏ်ယူဖွယ်

ကျောက်ဆည်မြို့၏ အနောက်ဖက် ၅ မိုင်ခန့်
အကွာတွင် ယခုအခါ ဖူးတွေ့ကြည်ညို နေကြရသည့်
ပုဂံ၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်
ခေတ်ငါးခေတ်လက်ရာ အဆင့်ဆင့် အထပ်ထပ်
ပူဇော်ထားသည့် ရှေးမြန်မာမင်းများ ကုသိုလ်တော်
ရှင်ပင်ရွှေဆပ်သွားရုပ်ပွားတော်ကြီးများနှင့် ယင်း၏
အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာတွင် ပုဂံခေတ်
ပန်းတမော့ လက်ရာများဖြင့် ထူးထူးခြားခြား
ဖော့လာကြည်ညို နေကြရသည့် ရှင်ပင်ရွှေဂူကြီး
စေတီတော်ကြီးများသည် မြန်မာလူမျိုး
ဗုဒ္ဓဘာသာဝင်များအတွက် တန်ဖိုးမဖြတ်နိုင်သည့်
အဘိုးအဘွား ရှေးခေတ် မြန်မာ့ သူတော်စင်ကြီးများ၏
ဘာသာရေးကိုးကွယ်ယုံကြည်မှု၊ အနုပညာလက်ရာနှင့်
လုံ့လဝီရိယစွမ်းရည်၊ လူနေမှုဘဝ အဆင့်အတန်းများကို
လက်တွေ့ကျကျ ဖော်ညွှန်းပြသလျက် ရှိသည်။

# ကျင့်သုံးဖွယ်

မိဘဘိုးဘွားတို့ ထားရှိခဲ့သည်
အဖိုးတန် အမွေအနှစ် ရတနာပစ္စည်းများကို
မိဘဘိုးဘွားကို ချစ်မြတ်နိုးသူတိုင်း
အလေးထားကာ ထိန်းသိမ်း
စောင့်ရှောက်ကြသကဲ့သို့ .....
ရှေးမြန်မာ့ သူတော်စင် အဘိုးအဘွားများ၏
ဘာသာရေးယုံကြည်မှု၊ ယဉ်ကျေးမှုအနုပညာ၊
လူနေမှု အဆင့်အတန်းများ
မပျောက်မပျက်အောင်
ထိန်းသိမ်းစောင့်ရှောက်ကြဖို့၊
အမျိုးသားရေး သစ္စာရှိကြဖို့
မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် အားလုံးတွင်
တာဝန်ရှိသည်။

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပန်ကြားလွှာ | (က) |
| ၂။ | တမုတ်ရှင်ပင်ရွှေဂူဘုရားကြီးမှတ်တမ်းပုံတော်များ | |
| ၃။ | သမိုင်းဝင်တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး | ၁ |
| ၄။ | သမိုင်းဝင်တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး (၂) | ၁၁ |
| ၅။ | သမိုင်းဝင်တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး (၃) | ၂၁ |
| ၆။ | သမိုင်းဝင်တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး (၄) | ၃၁ |
| ၇။ | သမိုင်းဝင်တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး (၅) | ၄၀ |
| ၈။ | ယဉ်ကျေးမှုဝန်ကြီးဌာန၊<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>မန္တလေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်း ၏<br>စာတမ်းမှ<br>**တမုတ်ရွှေဂူကြီးစေတီတော်အား တူးဖော်တွေ့ရှိမှုများအရ**<br>**ခေတ်ကာလအချိန်သတ်မှတ်ခြင်းနှင့်**<br>**လေ့လာတွေ့ရှိချက်များ** | ၅၁ |

# ပန်ကြားလွှာ

၆–၉–၂၀၁၄ နေ့က တမုတ်ရွှေဂူကြီးဆရာတော်နှင့် တမုတ်ရွှေဂူကြီးဂေါပကအဖွဲ့သည် ကျောက်ဆည်မဟာဂန္ဓာရုံ ဆရာတော်ကြီးအား တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ဘက်စုံ ပြုပြင်ရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြု ဆောင်ရွက်ပေးဖို့ ပန်ကြားလျှောက်ထားခဲ့ကြသည်။ ယင်းလျှောက်ထားမှုအရ ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော်ကြီးက မိမိအပါအဝင် မြို့နယ်သံဃနာယက (ရွှေကျင်) ဆရာတော်များအား တာဝန်ယူ ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံတော်မူခဲ့သည်။ မြို့နယ်သံဃ နာယက (ရွှေကျင်) ဆရာတော်များကလည်း ရွှေဂူကြီး ဆရာတော်ကို အကြိမ်ကြိမ်ပင့်ကာ မြို့နယ်သံဃနာယက (ရွှေကျင်) မှ ကိုင်သင့်၊ မကိုင်သင့် မေးမြန်းလျှောက်ထားခဲ့ကြရာ ရွှေဂူကြီးဆရာတော်က ဆရာတော်များအနေဖြင့် ကိုင်တွယ်မှ စနစ်တကျ ဖြစ်မည်၊– ဟုလျှောက်ထားခဲ့လေသည်။

# ပန်ကြားလွှာ

၆–၉–၂၀၁၄ နေ့က တမုတ်ရွှေဂူကြီးဆရာတော်နှင့် တမုတ်ရွှေဂူကြီးဂေါပကအဖွဲ့သည် ကျောက်ဆည်မဟာဂန္ဓာရုံ ဆရာတော်ကြီးအား တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ဘက်စုံ ပြုပြင်ရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြု ဆောင်ရွက်ပေးဖို့ ပန်ကြားလျှောက်ထားခဲ့ကြသည်။ ယင်းလျှောက်ထားမှုအရ ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော်ကြီးက မိမိအပါအဝင် မြို့နယ်သံဃနာယက (ရွှေကျင်) ဆရာတော်များအား တာဝန်ယူ ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံတော်မူခဲ့သည်။ မြို့နယ်သံဃ နာယက (ရွှေကျင်) ဆရာတော်များကလည်း ရွှေဂူကြီး ဆရာတော်ကို အကြိမ်ကြိမ်ပင့်ကာ မြို့နယ်သံဃနာယက (ရွှေကျင်) မှ ကိုင်သင့်၊ မကိုင်သင့် မေးမြန်းလျှောက်ထားခဲ့ကြရာ ရွှေဂူကြီးဆရာတော်က ဆရာတော်များအနေဖြင့် ကိုင်တွယ်မှ စနစ်တကျ ဖြစ်မည်၊– ဟုလျှောက်ထားခဲ့လေသည်။

ထို့ကြောင့်ပင် မြို့နယ်သံဃနာယက (ရွှေကျင်) ဆရာတော်များသည် ကျောက်ဆည်မဟာဂန္ဓာရုံ ဆရာတော်ကြီး ဩဝါဒအမိန့်တော်ကို ခံယူလျက် တမုတ်ရွှေဂူကြီးဆရာတော်၏ သဘောတူညီမှုဖြင့် ယခုအခါ ဩဝါဒါစရိယဆရာတော်ကြီးများ၊ နာယကလူကြီးများ၊ အလုပ်အမှုဆောင် ဂေါပကအဖွဲ့များ ဖွဲ့စည်းကာ လစဉ် မြို့နယ်သံဃနာယကဆရာတော်ကြီးများ၊ အမှုဆောင်ဂေါပကအဖွဲ့များ စုပေါင်းတိုင်ပင် ဆုံးဖြတ်တော်မူကြကာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အခြားသော တတ်သိကျွမ်းကျင်သည့် အင်ဂျင်နီယာ ပညာရှင်များ၏ အကြံကောင်းများ ရယူပြီး စေတီတော်မြတ်ကြီး အရှည် တည်တံ့ ခိုင်မာရေး၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာများ မပျောက်ပျက်စေရေး၊ စေတီတော်ဝန်းကျင် သာယာလှပရေး၊ စေတီတော်ကြီး အဝင်မုခ်ဦးနှင့် အသွားလမ်း–အပြန်လမ်းများ စနစ်တကျ ဖြစ်စေရေးတို့အတွက် အားကျိုးမာန်တက် ဆောင်ရွက်လျက် ရှိနေပေသည်။

ယင်းသို့ ဆောင်ရွက်နေစဉ် သတင်းမီဒီယာအချို့က အမျိုးမျိုး ပြောဆို ရေးသား ဝေဖန်လာကြသည်။

ထို့ကြောင့်ပင် မိမိအနေဖြင့် ဘုရားကြီးမည်သို့ ပွင့်ပေါ်လာပုံနှင့် အချို့သတင်းမီဒီယာများ၏ မှားယွင်းစွာဖော်ပြနေမှုများအတွက် အများပြည်သူများ အကုသိုလ်မတိုးပွားစေရန် ရည်သန်လျက် တမုတ်ရှင်ပင် ရွှေဂူဘုရားကြီး အကြောင်းကို ဆောင်းပါး အသွင်ဖြင့် ရေးသားကာ မန္တလေးနေ့စဉ်သတင်းစာတိုက်သို့

ပေးပို့ခဲ့ရာ မန္တလေးနေ့စဉ်သတင်းစာတိုက်ကလည်း ယင်းဆောင်းပါးများကို အပတ်စဉ် ဖော်ပြကာ ကူသိုလ်ယူပြီး ဖြစ်သဖြင့် ဆောင်းပါးများနှင့်အတူ သမိုင်းဝင်ဓာတ်ပုံမှတ်တမ်းများ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်း၏ စာတမ်းမှ ဘုရားကြီးနှင့်ပတ်သက်၍ လေ့လာတင်ပြချက်များကို ပူးတွဲကာ ဤ 'သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး' သမိုင်းစာအုပ်ငယ်ကို ပုံနှိပ်ဖြန့်ဝေနိုင်ဖို့ စီစဉ်ပေးခဲ့ပါသည်။ သို့သော် ယခုအခါ ယင်းစာအုပ်များ ကုန်လုနီးပါးဖြစ်နေ၍ ယခင်စာအုပ်ပါ ဆောင်းပါးများနှင့်အတူ ကောက်ဥုးဆွမ်းလောင်းပွဲတော် ရာပြည့် အထိမ်းအမှတ်အမီ ရေးသားတင်ပြခဲ့သည့် ဆောင်းပါးနှစ်ပုဒ်ကိုပါ ဖြည့်စွက်လျက် ဒုတိယအကြိမ် ပုံနှိပ်ဖြန့်ဝေနိုင်ဖို့ စီစဉ်ပေးရပါသည်။

**အရှင်ပဏ္ဍိတ**

မဟာဂန္ဓာရုံကျောင်းတိုက်

ကျောက်ဆည်မြို့။



မြင်စိုင်းမင်းညီနောင်သုံးပါး ကုသိုလ်တော် (လွှမ်းပိုကုန်း)ကျောက်စာ




ပင်းယခေတ် ကျော်စွာမင်းကျောက်စာ



အန္တဂူရုပ်ကြွဘုရား



ဦးစံထွန်း တည်ထားပူဇော်ခဲ့သည့် ရွှေဂူကြီးတောင်ကုန်းစေတီတော်


စေတီတော်ကြီး အဆင့်ဆင့် ပွင့်ပေါ်တော်မူလာပုံ (၁)


စေတီတော်ကြီး အဆင့်ဆင့် ပွင့်ပေါ်တော်မူလာပုံ (၂)



စေတီတော်ကြီး အဆင့်ဆင့် ပွင့်ပေါ်တော်မူလာပုံ (၃)



စေတီတော်ကြီး အဆင့်ဆင့် ပွင့်ပေါ်တော်မူလာပုံ (၄)



စေတီတော်ကြီး ပွင့်ပေါ်စ မြောက်ဘက်မုခ်အဝင် ရုပ်ပွားတော်ကြီး



၁၃၅၂ ခုနှစ်က ပွင့်ပေါ်လာသည့် ပင်းယခေတ် ဗုဒ္ဓရုပ်ပွားတော် (မြောက်ဘက်မုခ်)



၁၃၅၂ ခုနှစ်က ပွင့်ပေါ်လာသည့် ပင်းယခေတ် ဗုဒ္ဓရုပ်ပွားတော် (အရှေ့ဘက်မှန်)




၁၃၅၂ ခုနှစ်က ပွင့်ပေါ်လာသည့် ပင်းယခေတ် ဗုဒ္ဓရုပ်ပွားတော် (တောင်ဘက်မုခ်)



၁၃၅၂ ခုနှစ်က ပွင့်ပေါ်လာသည့် ပင်းယခေတ် ဗုဒ္ဓရုပ်ပွားတော် (အနောက်ဘက်မုခ်)




ပုဂံခေတ် သိမ်တော်အတွင်းမှ ဗုဒ္ဓရုပ်ပွားတော်များ


MULTIPAL
INCASED
STUCCO
BUDDHA
IMAGES
ခေတ်သုံးခေတ်လက်ရာ အဆင့်ဆင့် ဗုဒ္ဓရုပ်ပွားတော်များ



အုတ်ခွက်ဘုရားများ


စေတီတော်ကြီး လက်ရှိဖူးမြင်ရသော ကောင်းကင်ရှုခင်း



စေတီတော်ကြီးအပြင်နံရံမှ ပန်းတော့လက်ရာများ



စေတီတော်ကြီးအပြင်နံရံမှ ပန်းတော့လက်ရာများ



စေတီတော်ကြီးအပြင်နံရံမှ ပန်းတော့လက်ရာများ



စေတီတော်ကြီးအပြင်နံရံမှ ပန်းတော့လက်ရာများ



ကျောက်ဆည်မြို့ ဦးဝင်းမောင်+ဒေါ်မြရင် 'မြဘုရင်' နို့ချက် မိသားစုတို့၏ကုသိုလ် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး အဝင်မုခ်ဦး




တမုတ်ရှင်ပင်ရွှေဂူကြီး အဝင်မုခ်ဦး ကုသိုလ်ရှင် ကျောက်ဆည်မြို့ ဦးဝင်းမောင်+ဒေါ် မြရင် 'မြဘုရင်' နို့ချက် မိသားစု





ယဉ်ကျေးမှုဝန်ကြီးဦးခင်အောင်မြင့် စေတီတော်ကြီးထိန်းသိမ်းစောင့်ရှောက်ရေးအတွက်
ညှိနှိုင်းတိုင်ပင်နေပုံ (၂၈-၉-၂၀၀၉)





အများပြည်သူ လုပ်အားပေးနေကြပုံ



ကောက်ဦးဆွမ်းလောင်းပွဲတော် ရာပြည့်အထိမ်းအမှတ် ဂန္ဓကုဋိကျောင်းတော်ကြီးနှင့်ယဉ်ကျေးမှုဝံ့ အထိမ်းအမှတ် ကျောက်စာတိုင်





ကောက်ဉုးဆွမ်းလောင်းပွဲတော်ရာပြည့် အထိမ်းအမှတ် ဂန္ဓကုဋိကျောင်းတော်ကြီး တိုင်ထူမင်္ဂလာနှင့်
ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၏ ယဉ်ကျေးမှုဖုံ့ သတ်မှတ်နိုင်ရေး ခရီးစဉ်မှတ်တမ်း






ကောက်ညှုးဆွမ်းလောင်းပွဲတော် ရာပြည့်အထိမ်းအမှတ်သမိုင်းပြတိုက်နှင့် ကုသိုလ်ရှင်မိသားစုများ





ကောက်ဦးဆွမ်းလောင်းပွဲတော်ရာပြည့်အထိမ်းအမှတ်
ဂန္ဓကုဋိကျောင်းတော်ကြီးဖွင့်ပွဲ နှင့် ရှေးဟောင်းယဉ်ကျေးမှုဖုံ ကျောက်စာတိုင်ဖွင့်ပွဲအခမ်းအနား





ကောက်ဥူးဆွမ်းလောင်းပွဲတော် ရာပြည့်အထိမ်းအမှတ်အခမ်းအနား




ရာပြည့်အထိမ်းအမှတ် ဂန္ဓကုဋိကျောင်းတော်ကြီးပင်မဆောင်အတွက် ကျပ်သိန်း(၆၀၀)ကုသိုလ်ရှင်ပြင်ဦးလွင်မြို့ 'ဇော်မင်းဦး' ရွှေဆိုင် မိသားစုများ



ရာပြည့် အထိမ်းအမှတ် ဂန္ဓကုဋိကျောင်းတော်ကြီး ဒုတိယဆင့်အတွက် ကျပ်သိန်း(၃၅၀)ကုသိုလ်ရှင် ကျောက်ဆည်မြို့ 'စိန်ကမ္ဘာ' မိသားစုများ



ရာပြည့်အထိမ်းအမှတ် ဂန္ဓကုဋိကျောင်းတော်ကြီး ဒုတိယဆင့်အတွက် ကျပ်သိန်း(၃၅၀)ကုသိုလ်ရှင် မန္တလေးမြို့ ဒေါ်တင့်တင့်လှ မိသားစု

# သမိုင်းဝင်
# တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး

မိမိအား ဆရာဝန်များက မျက်မှန်တပ် ရန် တိုက်တွန်းနေကြ၍ မျက်မှန်တပ်မှုမှ ရှောင်ရှားနိုင်ဖို့ မျက်စိအနားယူလိုသဖြင့် ဆောင်းပါးမရေးဖြစ်သည်မှာ ၂ နှစ်နီးပါးပင် ကြာမြင့်ခဲ့ပေပြီ၊ သို့သော် ယခုအခါ အတ္တမာနကြီးမားသည့် အချို့ပုဂ္ဂိုလ်များ၊ သမိုင်းကြောင်းကို အတိအကျ လေ့လာမှုမရှိဘဲ ထင်ရာမြင်ရာ ရေးသားနေသည့် အချို့သတင်းသမားများ၏ ဖော်ပြရေးသားချက်များကြောင့် ကျောက်ဆည်မြို့နယ် အနောက်ဘက် ၆ မိုင်ခန့်အကွာ တမုတ်ရှင်ပင်ရွှေဂူကြီး ဘုရား၏ ပွင့်ပေါ်လာပုံ ဖြစ်ရပ်မှန် သမိုင်းအစစ်များသည် မီးခဲပြာဖုံးသည့်နှယ် တိမ်မြုပ်ပျောက်ကွယ်နေပေသည်။

ထို့ကြောင့်ပင် နယ်မြေ ဒေသခံဆရာတော်ကြီးများ၊ ဂေါပကများ၊ အချို့နားလည်သည့် နယ်သူ-နယ်သားများက တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား ပွင့်တော်မူလာပုံ ဖြစ်ရပ်မှန်

အကြောင်းအရာအားလုံးကို အတွင်းသိ အစင်းသိဖြစ်နေသည့် မိမိအား တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား၏သမိုင်းကျမ်းစာငယ်တစ်စောင် ထုတ်ဝေပေးဖို့ တိုက်တွန်းလာကြသည်။

ထို့ပြင် မိမိအနေဖြင့်လည်း ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး၏ သမိုင်းကို သမိုင်းစာအုပ်အဖြစ်ဖြင့်လည်းကောင်း၊ ရုပ်စုံဗုဒ္ဓဝင်အဖြစ်ဖြင့်လည်းကောင်း ရေးသားညွှန်ပြကာ စာအုပ်ထုတ်ဝေပြီး ဖြစ်ပေသည်။ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားအကြောင်းကိုမူ စေတီတော်တူးဖော်ရေးလုပ်ငန်းများ မစမီကသာ စေတီတော်ဘက်စုံပြုပြင်ရေးလုပ်ငန်းများ စတင်နိုင်ရန် တိုက်တွန်းနှိုးဆော်သည့် "ဘုရားငှက်တို ရောင်တော်လွှတ်လျှင်" ဟူသော ဆောင်းပါးတစ်ပုဒ်ရေးသားဖူးပေသည်။

ယခုအခါ၌မူ နယ်မြေဒေသခံဆရာတော်ကြီးများ၊ နယ်သူ-နယ်သားများ တိုက်တွန်းလာရုံမျှမက မိမိအနေဖြင့်လည်း မူလကပင် မှဋ္ဌောကိုးဆူ ဂူကိုးလုံး အကြောင်းကိုရေးသားတင်ပြဖို့ ရည်ရွယ်ချက် ဆန္ဒရှိထားပြီးဖြစ်သဖြင့် တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား၏ မူလသမိုင်း၊ ပွင့်ပေါ်လာပုံဖြစ်ရပ်မှန်များနှင့် ယခုလက်ရှိ ထိန်းသိမ်းစောင့်ရှောက်ထားရှိပုံများကို အားလုံးသော သူတော်စင်များ သိရှိလျက်

ကုသိုလ်တရားများ တိုးပွားအောင် ဆောင်ရွက်နိုင်ကြစေဖို့ ရည်ရွယ်ချက်ထားကာ ဤ "တမုတ် ရှင်ပင်ရွှေဂူကြီးဘုရား" သမိုင်းဆောင်းပါးကို ရေးသားတင်ပြလိုက်ရပေသည်။

ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သည့် အနော်ရထာမင်းတရားသည် အမြော်အမြင် ဉာဏ်ပညာကြီးမားသည့် မင်းတစ်ပါးဖြစ်သည်။ မင်းတရားသည် ယုတ်မာသော အရည်းကြီးတို့၏ မှားယွင်းသော အယူဝါဒကို ပယ်၍ မြန်မာပြည်သူ-ပြည်သားများ ယဉ်ကျေးလိမ္မာစေရေးအတွက် မှန်ကန်သော မြတ်ဗုဒ္ဓ၏ ထေရဝါဒသာသနာကို အုတ်မြစ်ချပေးတော်မူသည်။ ကျောက်ဆည်နယ်အတွင်း ဆည်မြောင်းတာတမံများ တည်ဆောက်၍ မြန်မာပြည် စားနပ်ရိက္ခာ ဖူလုံရေးကို အလေးထား စီစဉ်တော်မူသည်။ ရောက်ရှိရာ နေရာဌာနတိုင်း၌ ဘုရား-ကျောင်း-ကန်- စေတီ-ပုထိုးများ တည်ထား ပူဇော်ကာ အရည်အချင်းပြည့်ဝသည့် မြတ်ဗုဒ္ဓ၏သားတော် ရဟန်းတော်များဖြင့် ပြည်သူများအတွက် ပစ္စုပ္ပန်-တမလွန် ကောင်းကျိုးများကို ဆောင်ရွက်ပေးတော်မူလေသည်။

လယ်တွင်းနယ်သူ-နယ်သားများသည် လယ်တွင်းနယ် အနော်ရထာမင်းတရား ကုသိုလ်တော်များကို "သိမ်ကြီးကိုးသိမ်, ဂူကြီးကိုးလုံး, ကုန်းကိုးကုန်း" ဟုလည်းကောင်း၊

"မုဋ္ဌောကိုးဆူ၊ ဂူကိုးဂူ၊ ဆပ်သွားကိုးခု၊ ဆည်ကိုးခု၊ အနော်ရထာမင်းကောင်းမှု" ဟုလည်းကောင်း မှတ်တမ်းတင် မော်ကွန်း ထိုးထားကြလေသည်။

ကျောက်ဆည်လယ်တွင်းနယ်ရှိ အနော်ရထာမင်း တရား၏ ကုသိုလ်တော်များတွင် ရွှေဂူကြီးဘုရားအကြောင်းကို ကျောက်ဆည်မှတ်တမ်းတွင် မတွေ့ရသော်လည်း လွန်ခဲ့သည့် နှစ်သုံးဆယ်ကျော်က ဆရာကြီးဦးသိန်းက သူဟောပြောသည့် ကိုးခရိုင်သမိုင်း ဒုတိယတိတ်ခွေ၌ "ရှင်ပင်ရွှေဆပ်သွားဘုရား၊ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားအကြောင်းနှင့် ပတ်ဝန်းကျင် အခြေအနေများကို-

"ရွှေဆပ်သွားဘုရား တည်တုန်းက နေရာ ရှင်းတော့ ခင်ပုတ်ငှက်တွေ အများကြီးတွေ့တဲ့ နေရာမို့ ခင်ပုတ်ရွာလို့ ခေါ်ခဲ့ရာက အခုသင်ပုတ်ရွာ လို့ ခေါ်ကြတယ်။ အနော်ရထာရဲ့တပ်တွေ ငါးယောက် တစ်အိုးစားဖွဲ့ပြီး စခန်းချတဲ့ နေရာမှာ ငါးအိုးရွာ (ငအိုးရွာ) ပေါ့။

မွန်ရယ်၊ ချင်းရယ်၊ ကသည်းရယ် စုပေါင်းပြီး ရွာတည်ထားပေးထားတာ ရွေးလက်ရာရွာလို့ ရှိခဲ့ပါတယ်၊ နောက် အဲဒီရွာက ရွာရဲ့အရှေ့ဘက် မြေမြင့်ရာကို တစ်စတစ်စ ရွှေ့ပြောင်းလာကြတဲ့

အတွက် အငယ်ကလေးက တိုးတိုးလာလို့ ငယ်တိုး ရွာလို့ ခေါ်တယ်။ ရွာအရှေ့ဘက်မှာ အလွန် နတ်ကြီးတယ်ဆိုတဲ့ ချင်းညောင်ပင်ကြီး ရှိတယ်။ ရွာမြောက်ဘက်မှာ အနော်ရထာရဲ့ တမုတ်ကြီး ရွှေဂူဘုရားရှိတယ်။ တမုတ်ကြီး ရွာဟောင်းကုန်း လည်းရှိတယ်။ အဲဒီ တမုတ်ကြီးရွှေဂူဘုရားမှာ နှစ်စဉ် နတ်တော်လပြည့်နေ့တိုင်း ကောက်ဦး ဆွမ်းလောင်းပွဲကျင်းပပြီး အနော်ရထာမင်းကို အမျှဝေကြရတယ်။

ဘုရားပတ်ဝန်းကျင်မှာ နတ်ရင်းကြီး၊ နတ်ရင်းလေး၊ ချမ်းသာကြီး၊ ချမ်းသာရ၊ မမင်းလှ၊ မမြတ်လှ၊ မပွင့်လှ၊ မသင်းကြိုင်၊ ဘွားတော်၊ ဖိုးသူတော်၊ မောင်ရင်ပျို၊ စိုင်သေ၊ စိုင်ရှင်၊ အင်တူ၊ အင်ရင်း၊ သက်ရင်းပူ– ဆိုတဲ့နတ်တွေကို အပိုင်စား ပေးထားခဲ့တဲ့ ငါးဧကစီ လယ်တွေရှိတယ်။ ဒီနတ်တွေကို အိမ်ဖြူတော်နဲ့ ပသထားကြရတယ်။ အနော်ရထာလက်ထက်က တစ်နည်းနည်းနဲ့ အယူတိမ်းပြီး နတ်စိမ်း ဖြစ်ကြတာနဲ့ တူပါတယ်။ (ထိုလယ်ကြီးများ ထိုအခေါ်အဝေါ်များ ယနေ့တိုင် တည်ရှိဆဲ ဖြစ်သည်။)

အနောက်ဖက်တစ်ခွင်အတွက် အနော်ရထာမင်း ယာယီနန်းစိုက်ခဲ့တဲ့နေရာကတော့ ယနေ့ရွာနန်းရွာ ဖြစ်နေပါတယ်။ အဲဒီမှာ အနော်ရထာ့မိဖုရား မဖော့ဖြူရဲ့ မြသိန်းတန်ဘုရားနဲ့ အနော်ရထာသိမ်ရယ်၊ အနော်ရထာရဲ့ စစ်သည်တွေ စခန်းချခဲ့တဲ့ သွေးသောက် ကုန်းရယ် ရှိတယ်။ မြင်စိုင်းရှမ်းညီနောင်သုံးယောက်ရဲ့ မိဖုရားသုံးယောက်တည်ထားခဲ့တဲ့ တဝဂူ၊ လေးမျက်နှာ၊ ရွှေဂူတုတ်ဘုရားသုံးဆူလည်း ရှိတယ်။ (ယင်းဘုရားများကိုယနေ့တိုင် လှေ့လာနိုင်ပါသည်။ ပြိုကျပျက်စီးသွားသည့် လေးမျက်နှာ စေတီတော်ကြီးကိုလည်းကျောက်ဆည်မဟာဂန္ဓာရုံ စာချဘုန်းကြီးအရှင်ပဏ္ဍိတ ဦးဆောင်ပြုပြင် မွမ်းမံထားသဖြင့်ယခုအခါ သပ္ပါယ်တင့်တယ်စွာ ဖူးမြင်နိုင်ပါသည်။) လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ရာခန့်ကတည်ခဲ့တဲ့ သင်ပိုရွာဆိုတာတော့ ယနေ့ သင်မြို့လို့လည်း ခေါ်နေတယ်။ ငွေတွင်းတူးတောရကျောင်းကျောက်စာမှာတော့ သဲမြို့လို့ရေးထားတာ တွေ့ရပါတယ်။ ”

လို့ ဟောပြောထားသည်ကို နားထောင်ခဲ့ရသည်။

အနော်ရထာမင်းတရားသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး စားနပ်ရိက္ခာ ပြည့်စုံစေရေးအတွက် ကျောက်ဆည်လယ်တွင်းနယ်အတွင်း၌ ဆည် မြောင်း ချောင်း တာတမံများကို တည်ဆောက် တော်မူသည့်အခါ ပြည်သူ-ပြည်သားများ၏ သံသရာရေးကို မျှော်တွေးတော်မူ၍ ကျောက်ဆည်မြို့၏ အနောက်ဖက် (၄) မိုင်ခန့်အကွာ ညောင်ရွှေ-ညောင်ဝန်းရွာကို ဗဟိုပြုလျက် ရှင်ပင်ရွှေဆပ်သွား၊ ရှင်ပင်ရွှေဂူကြီး ဘွဲ့အမည်ဖြင့် စေတီငယ်နှစ်ဆူ တည်ထား ပူဇော်တော်မူလေသည်။

ယင်းစေတီတော် နှစ်ဆူလုံးမှာ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်များတွင် နေလိုလလို ဘုန်းတန်ခိုး ကြီးမားတော်မူကြဟန်ရှိပြီး အမရပူရခေတ်၊ ရတနာပုံခေတ်၊ ကိုလိုနီနယ်ချဲ့များအုပ်ချုပ်မှုအချိန်တွင် ရှင်ပင်ရွှေဆပ်သွားဘုရားကြီးကသာ နေလိုလလို ဘုန်းတန်ခိုး တောက်ပတော်မူဟန် ရှိ၍ ရှင်ပင်ရွှေဂူကြီးစေတီတော်ကြီးမှာ အုတ်ပုံကြီး အဖြစ်ဖြင့်သာ သိတင်းသုံးလျက် လူသူအရောက်အပေါက် နည်းခဲ့ဟန် ရှိလေသည်။ (ဤအဆိုကိုမူ ယခုဆောင်းပါးတွင် တင်ပြမည့် မျက်မြင်လေ့လာနိုင်ဖွယ် အထောက်အထားများက ဆက်လက် ထောက်ခံသွားပါလိမ့်မည်။)

တစ်ချိန်က တမုတ်မြို့သည် မင်းနေပြည်တော် မဟုတ်

သော်လည်း ပုဂံခေတ်မှစ၍ ဘိုးတော်ဦးဝိုင်း လက်ထက် အမရပူရခေတ်ဦးပိုင်းတိုင်အောင် လယ်တွင်း (၁၁) ခရိုင်၊ လယ်တွင်း (၁၁) ရွာ၊ မြစ်သာ (၁၁) ရွာတွင် အပါအဝင် ဖြစ်သည့် ခရိုင်မြို့ကြီး တစ်မြို့ဖြစ်ခဲ့သည်။ စားနပ်ရိက္ခာ အလွန်ပေါများ၍ ပုဂံ-မြင်စိုင်း-ပင်းယ-အင်းဝ နေပြည်တော် ကြီးများအတွက် အလွန်အားထားရသည့် မြန်မာ့စပါးကျီ ဌာနကောင်းကြီးလည်း ဖြစ်ခဲ့ပေသည်။ တမုတ်မြို့ကောင်းစား စဉ်က တမုတ်မြို့ဟောင်း ဝန်းကျင်ရှိ ရှင်ပင်ရွှေဂူကြီးဘုရားနှင့် ရှင်ပင်ရွှေဆပ်သွား ဘုရားကြီးနှစ်ဆူမှာ နေလိုလလို ဘုန်းတန်ခိုး ကြီးမားခဲ့လေသည်။

အထူးသဖြင့် တမုတ်မြို့ကြီးနှင့် ကပ်လျက်တည်ရှိသည့် တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား၌ မြို့ဝန်များ မင်းညီမင်းသားများ ဘုရားဖူးပြည်သူများဖြင့် ကြွက်ပုံ့မကျ စည်ကားနေမည်မှာ ယုံမှားဖွယ် ရှိအံ့မထင်ပေ။ ယင်းအကြောင်းအရာများကို ယခုတိုင် မြင်တွေ့နေရသည့် တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား၏ အင်္ဂတေ ပန်းတမော့လက်ရာများ၊ ပုဂံ-မြင်စိုင်း-ပင်းယ- အင်းဝခေတ် ရုပ်ပွားဆင်းတုတော်ကြီး-ငယ်များ၊ တမုတ် မြို့ဟောင်းကုန်းနှင့် မြို့ဟောင်းအနီး ငွေတွင်းတူးကျောင်းတိုက် အတွင်းရှိ မြင်စိုင်းခေတ် ကျောက်စာ၊ ရှင်ပင်ရွှေဂူကြီး စေတီတော်ရင်ပြင်တော်ရှိ အင်းဝကျော်စွာမင်းကျောက်စာ

များက ဖော်ညွှန်း ပြသ သက်သေထူလျက် ရှိနေပေသည်။

အမရပူရမြို့တည်နန်းတည် ဘိုးတော်ဦးဝိုင်း လက်ထက်တွင် ဘိုးတော်မင်းတရားသည် လယ်တွင်း (၁၁) ခရိုင်အစား လယ်တွင်း (၉) ခရိုင်ကို ပြန်လည်ဖွဲ့စည်းတော်မူလေသည်။ ယင်းကဲ့သို့ ဖွဲ့စည်းရာ၌ တမုတ်မြို့ကြီးသည် ခရိုင်မြို့အဖြစ်မှ သာမည ရွာကလေးအဖြစ် ပြောင်းလွှဲသွားခဲ့ပြီး ရက်-လ-နှစ်ရာသီပြောင်းရွှေ့သဖြင့် ရတနာပုံခေတ်၊ ကိုလိုနီအစိုးရခေတ်များအရောက်၌မူ လူသူကင်းမဲ့လျက် မြို့ဟောင်းကုန်း၊ ရွာဟောင်းကုန်း အဖြစ်သာ တည်ရှိနေလေတော့သည်။

တမုတ်မြို့ဟောင်းကြီးကဲ့သို့ပင် မြို့တော်ကြီးနှင့်အတူ တစ်ချိန်က မြို့ဝန်များ၊ မင်းညီမင်းသားများ၊ ဘုရားဖူးပြည်သူများဖြင့် ကြက်ပျံမကျ အထူးစည်ကားခဲ့သည့် တမုတ်ရှင်ပင်ရွှေဂူကြီးမြတ်စွာဘုရားသည်လည်း ပင်းယခေတ် စေတီတော်ကြီး ပြိုလဲကာ ပုဂံခေတ်၊ မြင်စိုင်းခေတ်စေတီတော်များ၊ ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ အင်းဝခေတ် ရုပ်ပွားတော်များမှာလည်း ပြိုလဲသွားသည့် စေတီတော်ပျက်ကြီးအတွင်း သင်္ခါရတို့၏ သဘာဝ မမြဲသည့် လောကဓမ္မတရားကို ဖော်ညွှန်းပြသလျက် အုတ်ပုံ-အုတ်ကုန်းကြီး အဖြစ်ဖြင့်သာ နှစ်ပေါင်းများစွာ သီတင်းသုံး ကိန်းဝပ် စမ္ပါယ်တော်မူကြရပေသည်။

**မန္တလေးနေ့စဉ် (၂၄-၁-၂၀၁၅)**

(၂)

တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား ပွင့်တော်မူလာပုံကို သေချာစွာ လေ့လာမှုမရှိသည့် အချို့ စာရေးဆရာများ၊ သတင်းမီဒီယာများ၊ အတ္တမာနကြီးမားလှသည့် အချို့ပုဂ္ဂိုလ်များ၏ လိုရာဆွဲဝါဒများကြောင့် အဓိကဆောင်ရွက်ခဲ့ကြသည့် ဆရာတော်ကြီးများ၊ အဓိကပွင့်ပေါ်လာပုံ အကြောင်းအရာများကား မီးခဲပြာဖုံးသည့်နှယ် တိမ်မြုပ်ပျောက်နေလေသည်။ ထို့ကြောင့်ပင် မိမိအနေဖြင့် ဤဆောင်းပါး၌ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား ပွင့်တော်မူလာစေဖို့ မူလအရင်းခံအကြောင်းများနှင့် စတင်၍ ဆောင်ရွက်တော်မူကြပုံ၊ အဆက်ဆက်ဆောင်ရွက်တော်မူကြပုံများကို စုစည်းတင်ပြလိုပေသည်။

လွန်ခဲ့သည့် နှစ်ပေါင်း တစ်ရာကျော်လောက်က ကျောက်ဆည်နယ်တစ်ဝိုက်၌ သိုက်စာအတိတ်တဘောင် တစ်ခု ရေပန်းစားလာခဲ့ဖူးသည်။ သိုက်စာမှာ "ရွှေဂူကြီးတောင် ခွေးတစ်ဟောင်၊ သမင်သဖိုပင်ခြေရင်း ရွှေကိုးတင်း ငွေကိုးတင်း" ဟူ၍ ဖြစ်လေသည်။ ယင်းသိုက်စာတဘောင် အရ သိုက်တူးလိုကြသည့် ဦးတိုး ဦးဆောင်သည့် လူတစ်စု သည် သိုက်စာတဘောင်နှင့် ကိုက်ညီနေသော အနော်ရထာ မင်းတရား၏ကုသိုလ်တော် တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား၏ တောင်ဘက် ခွေးတစ်ဟောင် ဟောင်သံကြားလောက်ရာ (ပုဂံခေတ်က တမုတ်ဥယျာဉ်တော်၊ မြင်စိုင်းခေတ်က မြင်စိုင်း မင်းညီနောင်သုံးပါးတို့၏ကုသိုလ် ဘုန်းတော်ကြီးကျောင်း)၊ ဥယျာဉ်တော်ဟောင်း၊ ကျောင်းဟောင်းနေရာသို့ သိုက်တူးရန် အတွက် ရောက်လာခဲ့ကြသည်။

ရှေးသူဟောင်းတို့ ဆိုရိုးရှိပါ၏။ "ဆေးစာဖတ်ရာ နားထောင်ပါ ရောဂါပျောက်နိုးနိုး၊ သိုက်စာဖတ်ရာ နားထောင်ပါ ဥစ္စာရနိုးနိုး" ဟူပါ၏။ ယခုလည်း ယင်းရှေးသူဟောင်းတို့ ဆိုရိုးစကားအတိုင်းပင် စိန်-ရွှေ-ငွေ ရတနာပစ္စည်းများကို လိုချင်မက်မော၍ သိုက်-ငွေတွင်းကို တူးဖော်ကြသည့် ဦးတိုးဦးဆောင်သော လူတစ်စုမှာ မိမိတို့ လိုချင်မက်မော လှသည့် စိန်-ရွှေ-ငွေ ကျောက်သံပတ္တမြား ရတနာပစ္စည်း ရရှိ

မသွားကြပေ။ ရနိုးနိုး မျှော်လင့်ချက်ဖြင့်သာ အာသာပြေ လက်လျှော့သွားကြရလေသည်။

သို့သော် သိုက်-ငွေတွင်းတူးမှု ကိစ္စကြီးမှုကား အချည်းနှီး ဖြစ်မသွားပါ၊ ယင်း သိုက်-ငွေတွင်း တူးမှုကြောင့် ဖြစ်ပေါ်လာသည့် သိုက်-ငွေတွင်း တူးဖော်ရာ ချိုင့်ဝှမ်း နေရာကို ငယ်တိုးရွာသူ-ရွာသားများက သုတ်သင်ရှင်းလင်း၍ ထိုနေရာ၌ ဝန်စာရေး ဦးသင်းနှင့် ဦးဆိုးတို့က ကျောင်းတော်-သိမ်တော်၊ ရေကန်များ ဆောက်လုပ်ဖန်တီးကာ ၁၂၇၀ ပြည့်နှစ်တွင် ငွေတွင်းတူးတောရကျောင်းကို တည်ထားပူဇော် ကြလေသည်။ ငွေတွင်းတူးတောရကျောင်း ဖြစ်ပေါ်လာ ခြင်းမှာ ဦးစွာပထမ မြင်စိုင်းမင်းညီနောင်သုံးပါးတို့၏ကုသိုလ် ကျောင်းတော်ဟောင်းနေရာ ယဉ်ကျေးမှု ရှေးဟောင်း အမွေ အနှစ် သစ်ပင်ငုတ်တိုမှ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်၍ စည်ပင်လန်းဆန်းလာစေဖို့ အညွန့်-အခက်-အရွက်-အလက်များ ပေါ်ထွက်လာခြင်းပင် ဖြစ်ပေသည်။ (ငွေတွင်းတူးတောရကျောင်း၏ အရှေ့ဖျား၌ မြင်စိုင်းမင်း ညီနောင်သုံးပါးတို့၏ကုသိုလ် မြင်စိုင်းခေတ်ကျောက်စာ ကိုလည်း ယခုတိုင် သုတေသီများ လေ့လာနိုင်ပေသည်။)

ငွေတွင်းတူးတောရကျောင်းတိုက် တည်ထောင် ပြီးနောက် ငွေတွင်းတောရကျောင်းဆရာတော်ကြီး ဦးကိတ္တိ၏

သီလ
သီလ-သမာဓိ-ပညာ သိက္ခာကြီးမားတော်မူခြင်းကြောင့် ကျောင်းတိုက်ကြီးဂုဏ်သတင်းလည်း တဟုန်ထိုး တိုးတက်လာသည်။ စာချ-စာသင် ရဟန်း-ကိုရင်များ၊ ဝိပဿနာတရားအားထုတ်သည့် ယောဂီသူတော်စင်များဖြင့် အထူးစည်ကားလာသည်။ ထိုအကြောင်းအရာများကို သိရှိရသည့် ဝိတိုရိယဘုရင်မကြီးကလည်း ကျေးဇူးရှင် ပထမငွေတွင်းတူးဆရာတော်ကြီးအား ကိုးခရိုင်ဂိုဏ်းချုပ်အဖြစ် ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းလေသည်။

ငွေတွင်းတူးတောရကျောင်းတိုက်ကြီးစည်ပင်လာသည့်အချိန်တွင် ဆရာတော်ကြီး၏ တပည့် ဒကာ-ဒကာမများက ကျောင်းတိုက်ကြီးနှင့်ကပ်လျက် တည်ရှိသည့် အနော်ရထာမင်းတရားနှင့် မြန်မာမင်း အဆက်ဆက်တို့၏ကုသိုလ်တော် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး၏ရင်ပြင် ပရဝုဏ်သန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ယူဆောင်ရွက်ခဲ့ကြသည်။ ၁၂၇၇ ခုနှစ်တွင် ကြောင်ပန်းကုန်းကျေးရွာ ဦးစံထွား ဦးဆောင်မှုဖြင့် နယ်သူနယ်သားများကလည်း စေတီတော်ဟောင်း အုတ်ကုန်းထိပ်တွင် စေတီငယ်တစ်ဆူ တည်ထားပူဇော်ကာ နှစ်စဉ် နတ်တော်လပြည့်နေ့တိုင်း ကောက်ဦးဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ၍ အနော်ရထာမင်းတရားအား ကုသိုလ်အမျှပေးဝေကြသည်။ (အချို့နှစ်များတွင် ဇာတ်၊အငြိမ့်၊ ရုပ်သေး၊

နွားပွဲ ခြင်းပွဲ ဘောလုံးပွဲများဖြင့် စည်စည်ကားကား ကျင်းပနိုင်သော်လည်း နှစ်အများစု၌ ဆွမ်းတော်ကြီး လောင်းလှူပွဲသက်သက်မျှသာ ကျင်းပနိုင်ခဲ့လေသည်။ ယင်း ကောက်ဦးဆွမ်းလောင်းပွဲကိုယခုတိုင်ကျင်းပကုသိုလ်ပြုကြဆဲ ဖြစ်သည်။)

၁၃၅၀ ပြည့်နှစ်တွင် တတိယငွေတွင်းတူးတောရ ဆရာတော် အရှင်စန္ဒိမာသည် တပည့်များ၊ ဒကာ-ဒကာမ များနှင့် စုပေါင်းလျက် အမိုးမလုံဖြစ်နေသည့် ရွှေဂူကြီးစေတီ ရင်ပြင်ရှိ လျောင်းတော်မူ ရုပ်ပွားတော်ကြီးကိန်းဝပ်စမွှါယ်ရာ ဂန္ဓကုဋ်ကျောင်းဆောင် အမိုးများပြန်လည်ပြုပြင်၍ ၁၃၅၁ ခုနှစ်၊ လက်ထောက်နာယကဖြစ်သည့် ဆရာတော်အရှင် စန္ဒောဘာသသည် ငွေတွင်းတူးတောရကျောင်းတိုက်မှ ရွှေဂူကြီး စေတီတော်ရင်ပြင်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသည်။ ထိုအခါ အချို့ဆရာတော်များက အကြိတ်အနယ် ကန့်ကွက် ရှုတ်ချခဲ့ကြသည်။

ပြဿနာအားလုံးကို အမြော်အမြင် ကြီးမားတော်မူသည့် ရှားပင်ရွာ (ရွာရှေ့) မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ ဩဝါဒတော် လမ်းညွှန်မှုများကို ခံယူလျက် ရှားပင်ရွာ သုမနာရာမဆရာတော်၊ ကျောက်ဆည်မြို့ မဟာဂန္ဓာရုံ ဆရာတော်၊ ကြောင်ပန်းကုန်း မဟာသုခကျောင်းဆရာတော်၊

ပဒေါင်းခါးကျောင်းဆရာတော်နှင့် ယင်းအချိန်က စ-ဝ-တ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဆွေ၊ မ-ဝ-တ ဥက္ကဋ္ဌ ဗိုလ်မှူး မောင်ဌေးတို့က မားမားမတ်မတ် ရပ်တည်ဖြေရှင်းပေးကြသဖြင့် ၁၃၅၃ ခုနှစ် ဝါတွင်းကာလ၌ပင် ကျောက်ဆည်မြို့နယ် ဂိုဏ်းပေါင်းစုံ မြို့နယ်သံဃနာယကအဖွဲ့ကြီးက ရှင်ပင်ရွှေဂူကြီးဘုရားကျောင်းကို ဘုရားကြီးပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယာယီကျောင်းအဖြစ် သတ်မှတ်၍ ဆရာတော်အရှင်စန္ဒောဘာသကိုလည်း ဘုရားစောင့် ယာယီကျောင်းဘုန်းကြီးအဖြစ် အသိအမှတ် ပြုပေးတော်မူကြလေသည်။

ထိုအချိန်မှစ၍ ကျောင်းဘုန်းကြီး အရှင်စန္ဒောဘာသသည် ကျောက်ဆည်မဟာဂန္ဓာရုံဆရာတော်၊ ကြောင်ပန်းကုန်း မဟာသုခကျောင်းဆရာတော်၊ ငယ်တိုးပဒေါင်းခါးကျောင်း ဆရာတော် ဆရာတော်ကြီးသုံးပါးတို့၏ အနီးကပ် စောင့်ရှောက်မှုကို ခံယူကာ နယ်သူ-နယ်သားများ၏ လုပ်အားဒါနဖြင့် စေတီတော်သန့်ရှင်းရေး၊ ပရိဝုဏ်သန့်ရှင်းရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် အားထုတ်ဆောင်ရွက်တော်မူသည်။ မိမိသည် ယင်းအချိန်က ဘုရားရင်ပြင်ဝယ် ကုဋ္ဌင်ငယ်ကလေး၌ ခင်းကျင်းထားသည့် လှောက်ရည်ကြမ်းဝိုင်းတွင်ဩဇာသံပြည့်ဝ၍ပြတ်ပြတ်သားသားမိန့်တော်မူတတ်သည့်

ကြောင်ပန်းကုန်း မဟာသုခဆရာတော်ကြီး၏ မိန့်တော်မူဟန် ပုံရိပ်များ၊ ဖြစ်ပေါ်လာသည့် အကြောင်းအရာများကို အခြေခံလျက် ဥပမာ-ဥပမေယျစကားများဖြင့် ဟာသနှောကာ ကြောင်းကျိုးညွှန်ပြ မြွက်ဟာဩဝါဒပေးတော်မူတတ်သည့် ငယ်တိုးပဒေါင်းခါးဆရာတော်ကြီး၏မိန့်တော်မူဟန်စကားသံများ၊ ဆရာတော်ကြီးနှစ်ပါး၏ဘေးတွင် ရှိသေစွာ လက်အုပ်တချီချီဖြင့် ဘုရားကြီးကိစ္စ၊ သံဃကိစ္စများကို ရှင်းလင်းလျှောက်ထားတတ်သည့် ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော်ကြီး၏ ဂါရဝ-နိဝါတပုံရိပ်ကို ယနေ့တိုင် မြင်ယောင်၊ ကြားယောင်မိနေဆဲဖြစ်ပါ၏။

ရှင်ပင်ရွှေဂူကြီးကျောင်းဆရာတော် အရှင်စန္ဒောဘာသသည် ဆရာတော်ကြီးသုံးပါးတို့၏ အနီးကပ် စောင့်ရှောက်မှုခံယူလျက် နယ်သူနယ်သားများ၏ လုပ်အားဒါနဖြင့် စေတီတော်ကြီး သန့်ရှင်းရေးနှင့် စေတီတော်ရင်ပြင် သန့်ရှင်းရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူခဲ့ရာ စေတီတော်ကြီး၏ မြောက်ဘက်မုခ်တွင် ရှေးခေတ် မြန်မာ့မူဟန် အနုပညာလက်ရာပြောင်မြောက်လှသည့် ပုဂံခေတ်ပန်းတော့လက်ရာများကိုလည်းကောင်း၊ စေတီတော်ကြီးဒုတိယလိုဏ်အတွင်း၌ ပင်းယခေတ်လက်ရာ ရုပ်ပွားတော်ကြီး၏ ဦးခေါင်းပိုင်းကိုလည်းကောင်း ဖူးမြင်နိုင်သည်အထိ

သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့လေသည်။ ယင်းအချိန်က ပျက်စီးနေသည့် ရုပ်ပွားတော်ကြီး၏ အောက်ပိုင်းကိုယ်ကိုပင် ရုပ်ပွားတော်ကြီး၏ရှေ့တွင် ရုပ်ပွားတော်ကြီးကို မထိမိအောင် စနစ်တကျ စီထားသည့် အုတ်ပုံပေါ်မှ ရဟန်း-သာမဏေ-လူဒကာများ တက်ရောက်လေ့လာကြည့်ညိုနိုင်ပေသည်။

"ကာလ-ဒေသ, ပုဂ္ဂလဟု, နှိုင်းဆအပ်တုံ" ဟူသောစကားသည် လွန်စွာပင် မှန်ကန်နေပါ၏။ ကျောက်ဆည်မဟာဂန္ဓာရုံဆရာတော်ကြီးသည် တမုတ်ရှင်ပင်ရွှေဂူစေတီတော်ကြီး၏အတွင်း ကိန်းဝပ်စံမွှေယ်တော်မူသည့် ရုပ်ပွားတော်ကြီးနှင့် အပြင်နံရံရှိ ပန်းတမော့လက်ရာများမှာ လွန်စွာတန်ဖိုးကြီးကြောင်း တမ္ပဝတီဦးဝင်းမောင်၏ လျှောက်မူထားအရ သိရှိရသဖြင့် တန်ဖိုးကြီးမားလှသည့် ရှေးဟောင်း အမွေအနှစ်လက်ရာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် မြို့နယ်သံဃနာယကအနေဖြင့် လည်းကောင်း၊ ကျောင်းတိုက်အနေဖြင့်လည်းကောင်း သက်ဆိုင်များသို့ အထပ်ထပ် အခါခါ တင်ပြတော်မူလေသည်။ သို့သော် တာဝန်ရှိသူများက တမ္ပဝတီဦးဝင်းမောင်ကို စာထွက်မေး၍ တမ္ပဝတီဦးဝင်းမောင်က နိုင်ငံတော်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ပြန်လည်တင်ပြရုံ သက်သက်မျှ

ဖြင့်သာ အပြီးသတ်ခဲ့ရလေသည်။

ထိုအတွင်း၌ပင် ကျောက်ဆည်မဟာဂန္ဓာရုံဆရာတော်ကြီးက မကွေရာဘုရားပြုပြင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နေသဖြင့် ရွှေဂူကြီးဆရာတော် အရှင်စန္ဒောဘာသက ဘုန်းကြီး "လေက တောင်လေတိုက်လို့နဲ့ တူတယ်" ဟူ၍ပင် စကားနာထိုးတတ်ရှာလေသည်။ ထိုမျှမက ယင်းအချိန်က ထောက်လှမ်းရေးတပ်တွင် တာဝန်ယူနေသည့် ကျောက်ဆည် ခရိုင်တာဝန်ခံ တပ်ဆွယ်မှူး ဆရာဦးမျိုးအောင်ကလည်း စေတီတော်ပြုပြင်ရေးအတွက် နိုင်ငံတော်သို့ မကြာမကြာ တင်ပြ၍ အကူအညီ တောင်းခံခဲ့လေသည်။ သို့သော် အချိန်မတန်သေးသဖြင့် ကြိုးစားမှုများ အကောင်အထည် ပေါ်မလာခဲ့ပေ။ မည်သို့ပင် အကောင်အထည် မပေါ်စေကာမူ စေတီတော်ပြုပြင်ရန် ဆန္ဒရှိနေကြသည့် ဆရာတော် သံဃာတော်များ၊ လူပုဂ္ဂိုလ်များ သန္တာန်ဝယ် ရှင်ပင်ရွှေဂူကြီး စေတီတော်မြတ်နှင့်စပ်လျက် ဗုဒ္ဓါနုဿတိဘာဝနာ ကုသိုလ်တရားများ တိုးပွားနေသည်ကိုတော့ မည်သူတစ်ဦး တစ်ယောက်မျှ ငြင်းဆန်ကြလိမ့်မည် မထင်ပေ။

နောက်ပိုင်းတွင် တမုတ်ရှင်ပင်ရွှေဂူကြီး ဘက်စုံ ပြုပြင်ရေးလုပ်ငန်းများမှာ ၁၅ နှစ်ကျော် ၁၆ နှစ်နီးပါးမျှ ခေတ္တရပ်ဆိုင်းသွားခဲ့သည်။ လုံးဝရပ်ဆိုင်းသွားခြင်းတော့

မဟုတ်ပါ။ ရွှေဂူကြီးကျောင်းဆရာတော် အရှင်စန္ဒောဘာသက ကမ္မဋ္ဌာန်းရိပ်သာအဖြစ် တည်ထောင်ဖွင့်လှစ်၍ ကိုရင်ငယ်များ၊ ယောဂီသူတော်စင်များဖြင့် ဘုရားကြီးဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ နှစ်စဉ်ဆွမ်းလောင်းပွဲ ကျင်းပခြင်းများဖြင့် မိမိတို့စွမ်းရာဘက်မှ ကာယ-ဉာဏအားဖြင့် ကုသိုလ်တိုးပွား အောင် ကြိုးစားခဲ့ကြသည်။ ထောက်လှမ်းရေးတပ်မှ တပ်ဆွယ်မှူး ဆရာဦးမျိုးအောင်ကလည်း အဆက်မပြတ် သက်ဆိုင်ရာသို့ တင်ပြအကူအညီ တောင်းခံခြင်း၊ မိမိနှင့်စပ်ရာ ဓမ္မမိတ်ဆွေများကို ခေါ်ယူလျက် ကမ္မဋ္ဌာန်းကျောင်းငယ်များ ဆောက်လုပ် လှူဒါန်းခြင်းဖြင့် ကောင်းမှုကုသိုလ်တရားများ တိုးပွားအောင် ကြိုးစားခဲ့လေသည်။

**မန္တလေးနေ့စဉ် (၁-၂-၂၀၁၅)**

# (၃)

"တစ်ဦးတစ်ယောက် ကောင်းဖို့ရောက်မှု တစ်ယောက်သူမှာ ပျက်လင့်ကာသာ မမွတာတည်း" ဟူသော အနန္တသူရိယ အမတ်ကြီး၏ စကားများကို နားထဲတွင် ကြားယောင်နေမိသည်။ တမုတ်ရှင်ပင် ရွှေဂူဘုရားကြီး ပွင့်ပေါ်တော်မူချိန် တန်ပေပြီ။ ၁၃၆၉ ခုနှစ် ဝါကျွတ်ခါနီး ကာလတွင် ကျောက်ဆည် တစ်ခရိုင်လုံး ရေလွှမ်းမိုးမှုဒဏ် ခံခဲ့ကြရသည်။ ကျောက်ဆည်မဟာဂန္ဓာရုံဆရာတော်ကြီး သီတင်းသုံးတော်မူရာ ကျောက်ဆည်မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးပင် ရေကွင်းပြင်ကြီး ဖြစ်နေလေသည်။ ယင်း အချိန်တွင် ငယ်တိုး-ပဒေါင်းခါး-ရွာသစ်၊ သင်ပျို-ငါးဆူရွာ များမှ ရေဘေးဒုက္ခသည်များသည် ရှင်ပင်ရွှေဂူ ဘုရားကြီး ရင်ပြင်တွင် ဘုရားကြီး၏ မေတ္တာရိပ်ကို ခိုလှုံလျက် ရေဘေး ဒုက္ခမှ လွတ်မြောက်အောင် ရှောင်ရှားကြလေသည်။

ကျောက်ဆည်မြို့မှ တာဝန်ရှိသူများကလည်း ဌာန အလိုက် ရေးဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် ကြဖို့ တာဝန်ခွဲဝေချထားခဲ့ကြလေသည်။ ရွှေဂူကြီးရေးဘေး ဒုက္ခသည်များအတွက် ကယ်ဆယ်ရေးနှင့် နေရာချထားရေး တာဝန်ကျသူမှာ ယင်းအချိန်က ကျောက်ဆည်မြို့နယ် တရားသူကြီး၊ ယခုမူ သစ်တောသတ္တုနှင့် သာသနာရေးဝန်ကြီး ဦးသန်းစိုးမြင့် ဖြစ်သည်။ တာဝန်အရ ရောက်ရှိလာသော တရားသူကြီးဦးသန်းစိုးမြင့်သည် စေတီတော်ကြီးကို ဖူးမြင်ရ သဖြင့် ပြုပြင်ထိန်းသိမ်းလိုစိတ်များ တဖွားဖွား ပေါ်ပေါက်ခဲ့ လေသည်။ ထို့ကြောင့် မိဘများလက်ထက်ကပင် ဆရာရင်း-ဒကာရင်းဖြစ်နေသည့် ကျောက်ဆည်မဟာဂန္ဓာရုံ ဆရာတော် ကြီးအား တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဦးစီးဦးဆောင်ပြု ဆောင်ရွက်ပေးဖို့ အပ္ပကာပ် လျှောက်ထားလေတော့သည်။

ကျောက်ဆည်မဟာဂန္ဓာရုံဆရာတော်ကြီးကလည်း မိမိကိုယ်တိုင်စတင်ဆောင်ရွက်ခဲ့သည့် ဘုရားကြီး ဖြစ်သည်က တစ်ကြောင်း၊ ယခုလက်ရှိအနေအားဖြင့်လည်း မက္ခရာ ရှေးဟောင်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ဖြစ်ရာ ရှေးဟောင်းပြုပြင်ရေးလုပ်ငန်းများတွင် အတွေ့အကြုံရှိသည့် တပည့်များ၊ ပညာရှင်များလည်း ရှိနေပေပြီ။ ထိုမျှမက

ယင်းအချိန်က ယဉ်ကျေးမှုဝန်ကြီး၊ ယခု အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဗိုလ်ချုပ်ခင်အောင်မြင့်မှာလည်း ငယ်စဉ်ဗိုလ်မှူးဘဝ ကပင် ဆရာရင်း ဒကာရင်း ဖြစ်နေပြန်သဖြင့် ယဉ်ကျေးမှု ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၏ သဘောတူညီမှုကို ရယူကာ မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်) အကျိုးတော်ဆောင် ဖြစ်နေသည့် တပည့်ရင်းဖြစ်သူ စာချဘုန်းကြီးလေး အရှင်ပဏ္ဍိတအား တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ဘက်စုံ ပြုပြင်ရေးလုပ်ငန်းများ ဦးဆောင်တာဝန်ယူ ဆောင်ရွက်နိုင်ဖို့ တာဝန်ပေးအပ်တော်မူလေသည်။

စာချဘုန်းကြီးလေး အရှင်ပဏ္ဍိတသည် ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော်ကြီး၏ ဩဝါဒအမိန့်တော်ကို ဦးထိပ် ရွက်လျက် ကြောင်ပန်းကုန်းအုပ်စု ရပ်ကျေးသံဃနာယက ဆရာတော်ကြီးများ၊ ကျောက်ဆည် မြို့နယ်သံဃနာယက အဖွဲ့(ရွှေကျင်)ဆရာတော်ကြီးများ၊ ခရိုင်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးကောင်စီ ဥက္ကဋ္ဌ ဦးအောင်သူ၊ တရားသူကြီး ဦးသန်းစိုးမြင့်တို့နှင့် တိုင်ပင်ညှိနှိုင်းကာ ၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်နေ့တွင် ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီး ၁၀ ပါး ပါဝင်သည့် ဩဝါဒါစရိယ ဆရာတော်ကြီးများအဖွဲ့၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်

တာဝန်ရှိသူများပါဝင်သည့် နာယကလူကြီးများအဖွဲ့၊ နယ်မြေဒေသခံ လူဦးရေ ၃၀ ပါဝင်သည့် အလုပ်အမှုဆောင်အဖွဲ့များကို ဖွဲ့စည်းကာ ၁၃၇၀ပြည့်နှစ် နယုန်လဆန်း ၁ ရက်နေ့တွင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ဘက်စုံပြုပြင်ရေးလုပ်ငန်းများအတွက် ဩဝါဒခံယူပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့သည်။ ယင်းဩဝါဒခံယူပွဲ ပုံရိပ်များကို ထိုစဉ်က မိမိကိုယ်တိုင် ရေးသားတင်ပြခဲ့သည့် "ဘုရားငုတ်တိုရောင်တော်လွှတ်လျှင်" ဆောင်းပါးမှ ထုတ်နုတ်တင်ပြလိုပေသည်။

"မြန်မာနိုင်ငံသို့ ထေရဝါဒဗုဒ္ဓသာသနာတော်ကို ဆောင်တော်မူလာခဲ့သည့် မြန်မာပြည် သာသနာ့ဥဿျောင် အရှင်အရဟံမထေရ်မြတ်နှင့် ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အနုရုဒ္ဓဒေဝ (ခေါ်) အနော်ရထာမင်းတရားတို့သည် ကျောက်ဆည်လယ်တွင်းနယ်၌ ရွှေမုဋ္ဌောစေတီ ကိုးဆူ၊ ရွှေဂူကြီးစေတီ ကိုးဆူ၊ ရွှေဆပ်သွားစေတီ ကိုးဆူ၊ လယ်တွင်းနယ်သူ-နယ်သားများ၏ ကိုယ်ကျင့်တရားကို ပြုပြင်ပေးသည့် ရွှေသိမ်တော်စေတီ ကိုးဆူ တည်ထားပူဇော်ခဲ့ကြောင်းနှင့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံရေးကို ဖန်တီးပေးသည့် ဆည်ကြီးကိုးခုလည်း တည်ဆောက်

ပေးခဲ့ကြောင်း ငယ်စဉ်ကပင် သိရှိနေပါ၏။ ထိုမျှမက ၁၃၇၀ ပြည့်နှစ် နယုန်လဆန်း ၁ ရက်နေ့ ညနေခင်းပိုင်းကမူ ရွှေဂူကြီးစေတီ ကိုးဆူတွင် တစ်ဆူအပါအဝင်ဖြစ်သည့် တမုတ်မြို့ဟောင်းတွင် တည်ရှိသော ရှင်ပင်ရွှေဂူကြီး စေတီတော်မြတ်ကြီးသို့ သွားရောက်ကြည်ညိုခွင့် ရရှိခဲ့လေသည်။

ထိုနေ့က စေတီတော်ကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ဂေါပကအဖွဲ့သည် စေတီတော်ကြီး ပြန်လည်ပြုပြင်နိုင်ရန်အတွက် ဩဝါဒါစရိယဆရာတော်များထံ ဩဝါဒခံယူနေကြသည်ကို တွေ့မြင် ကြည်ညိုခဲ့ရပေသည်။ ယင်းအခမ်းအနားသို့ မန္တလေးတိုင်းသံဃနာယကအဖွဲ့ (ရွှေကျင်) ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော်၊ ကျောက်ဆည်မြို့နယ်သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ) ဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ အကျိုးတော်ဆောင်ဆရာတော် အရှင်ပဏ္ဍိတနှင့် ဒေသခံဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး အခမ်းအနားမှူးအဖြစ် အကျိုးတော်ဆောင်ဆရာတော် အရှင်ပဏ္ဍိတက ဆောင်ရွက်တော်မူသည်။ အခမ်းအနားကို "နမော တဿ" သုံးကြိမ်ဖြင့် ဘုရားရှိခိုး၍ အခမ်းအနား ဖွင့်လှစ်ကာ ဒကာဒကာမများက သင်ပိျုရွာဦးဆရာတော်ကြီးထံ ငါးပါးသီလခံယူဆောက်တည်ကြသည်။

သီလဆောက်တည်အပြီးတွင် ကျောက်ဆည်မြို့နယ်

သံဃနာယကအဖွဲ့(သုဓမ္မာ) ဥက္ကဋ္ဌ သပြေပင်ဆရာတော်ကြီးက ဩဝါဒစကား မိန့်ကြားတော်မူရာ စေတီတော်ကြီး ပြုပြင်ရာတွင် ဆရာတော်၊ သံဃာတော်များအနေဖြင့် အမြဲမပြတ် စောင့်ရှောက်ပေးဖို့ လိုအပ်ကြောင်း၊ ရှေးဟောင်းအမွေအနှစ်များ မပျောက်ပျက်ရေးနှင့် စေတီတော်ကြီး အရှည်တည်တံ့ရေးအတွက် ဗိသုကာပညာရှင် = အင်ဂျင်နီယာပညာရှင်များ၏ အကြံဉာဏ်များရယူရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု၏ လုပ်အားဒါနအပါအဝင် ပစ္စည်းအထောက်အပံ့များရရှိရန်လိုအပ်ကြောင်း စသည်တို့ကို မိန့်ကြားတော်မူရာ နယ်မြေခံ ဒကာ- ဒကာမများက စေတီတော်ကြီးပြုပြင်ရာ၌ ပန္နက်ပေါ် အောင် လုပ်အားဒါန ကုသိုလ်ယူကြမည်ဖြစ်ကြောင်း လျှောက်ထားကြသည်။ ပြီးမှ စေတီတော်ကြီးပြုပြင်မှုလုပ်ငန်းများ စတင် အကောင်အထည်ဖော်နိုင်ရန်အတွက် ဦးတင်ဦး + ဒေါ်ခင်သိန်း မိသားစုမှ အလှူငွေကျပ် ဆယ်သိန်း၊ ဦးသန်းစိုးမြင့်+ဒေါ်တင့်တင့်ချို မိသားစုမှ အလှူငွေကျပ် သုံးသိန်း၊ ဦးဝင်းတင်+ဒေါ်မြင့် မိသားစုမှ အလှူငွေကျပ် တစ်သိန်းတို့ကို အသီးသီး လှူအပ်လှူဒါန်းခဲ့ကြရာ ဩဝါဒါစရိယ ဆရာတော်ကြီးများကိုယ်စား မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်က လက်ခံရယူခဲ့သည်။

ဆက်လက်ပြီး တမုတ်ရွှေဂူကြီးကျောင်းဆရာတော်က

ဘုရားပြုပြင်ရေးနှင့် စပ်၍ အသေးစိတ် လျှောက်ထားခြင်း၊ မြို့နယ်တရားရေး ဥက္ကဋ္ဌ ဦးသန်းစိုးမြင့်က ဂေါပကအဖွဲ့ ဖွဲ့စည်းထားရှိပုံနှင့် ရှေးဟောင်း သုတေသနဦးစီးဌာန၏ ညွှန်ကြားချက်များကို လျှောက်ထားဖတ်ကြားခြင်းများ ဆောင်ရွက်ကြပြီး၊ မြန်မာမှု ဗိသုကာပညာရှင် တမ္ဗဝတီ ဦးဝင်းမောင်က တမုတ်ရွှေဂူစေတီတော်ကြီးသည် စမုံမြစ်ရိုး တစ်လျှောက်တွင် အနော်ရထာမင်းကြီးတည်ထားခဲ့သည့် ရွှေဂူကြီးကိုးဆူတွင် တစ်ဆူအပါအဝင်ဖြစ်ကြောင်း၊ အခြား ရွှေဂူကြီးစေတီတော်များမှာ ခေတ်အဆက်ဆက် စေတနာရှင် များ၏ ပြုပြင်မွမ်းမံမှုကြောင့် မင်းတရား၏ ကုသိုလ်တော် လက်ရာများ မတွေ့ရတော့သော်လည်း တမုတ်ရွှေဂူကြီးစေတီ တော်ကြီးတွင်မူ မင်းတရား၏ ကုသိုလ်တော် လက်ရာများ များစွာတွေ့ရှိရကြောင်း၊ စေတီတော်ကြီးရှိ ကျန်ရှိနေသော မင်းတရား၏ ကုသိုလ်တော်များကို ထိန်းသိမ်းစောင့်ရှောက် လိုသည့်ဆန္ဒများ ယခင်က ဖြစ်ပေါ်ခဲ့သော်လည်း မအောင်မြင် ခဲ့ကြောင်း၊ ယခုအခါ ကျောက်ဆည်မဟာဂန္ဓာရုံဆရာတော် ကြီးနှင့် တမုတ်ရွှေဂူဆရာတော်တို့က ရှေးဟောင်းသုတေသန ဌာနသို့ မေတ္တာရပ်ခံကာ ရှေးမူမပျက် ပြန်လည်ပြုပြင် သွားမည်ကို သိရသဖြင့် အထူးဝမ်းမြောက်ကြောင်း၊ ဘုရားကြီး ပြုပြင်ရာ၌ မိမိအနေဖြင့် စွမ်းနိုင်သည့် လုပ်အားဒါန၊

ပညာဒါနများဖြင့် ပါရမီကုသိုလ်များ ဖြည့်ဆည်းသွားမည် ဖြစ်ကြောင်း စသည်တို့ကို လျှောက်ထားကာ ဘုရားပြုပြင်ရန် ပုံစံနှင့် ပြုပြင်ရမည့် နည်းစနစ်များကို အကြံပြုတင်ပြ လျှောက်ထားလေသည်။

ပြီးလျှင် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဝင် ကျောက်ဆည်မဟာဂန္ဓာရုံဆရာတော်ကြီးက -

**"အုတ်ချပ်ကလေးများ စုပေါင်းအား တံတား တိုက်တာ ပြီးနိုင်သည်"**

**"အုတ်ချပ်ကလေးများ ပျက်စီးပြား တံတား တိုက်တာ ပြိုနိုင်သည်"**

**"အုတ်ချပ်ကလေးများ စုပေါင်းအား ဘုရားစေတီ ပြီးနိုင်သည်"**

**"အုတ်ချပ်ကလေးများ ပျက်စီးပြား ဘုရားစေတီ ပြိုနိုင်သည်"**

ဟူသော ဆောင်ပုဒ်ကလေးများကို ညွှန်ပြကာ ဘုရားကြီး ပြုပြင်ရာ၌ စောင့်ရှောက်မှုအပိုင်း၊ တည်ဆောက်မှုအပိုင်း၊ ပံ့ပိုးမှုအပိုင်းဟူ၍ အပိုင်းသုံးခု လိုအပ်ကြောင်း၊ စောင့်ရှောက်မှု အပိုင်းအနေဖြင့် မြို့နယ်သံဃနာကအဖွဲ့ (သုဓမ္မာ) ဥက္ကဋ္ဌ ဆရာတော်ကြီး၏ ဩဝါဒတော်အတိုင်း ဆရာတော်၊ သံဃာ တော်များက အမြဲမပြတ် စောင့်ရှောက်ပေးကြမည်ဖြစ်ကြောင်း၊

တည်ဆောက်မှု အပိုင်းအနေဖြင့် ဗိသုကာပညာရှင်၊ အင်ဂျင်နီယာပညာရှင်၊ ရှေးဟောင်းသုတေသန ပညာရှင်များကို မိမိတို့ပညာဖြင့် ကုသိုလ်ယူကြဖို့ မေတ္တာရပ်ခံမည်ဖြစ်ကြောင်း၊ ပံ့ပိုးမှုအပိုင်းအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု၏ လုပ်အားပံ့ပိုးမှု ပစ္စည်းပံ့ပိုးမှုများ ရရှိအောင်ယခုလာသည့် ရပ်မိရပ်ဖလူကြီးများ၊ ဂေါပကလူကြီးများက နယ်မြေခံ ပြည်သူလူထု သိရှိအောင် နှိုးဆော်ကြ၍ သတင်းထောက်များ၊ စာရေးဆရာများက အများပြည်သူ သိရှိစေဖို့ သတင်းဖြန့်ဝေခြင်း၊ ဆောင်းပါးရေးသား၍ နှိုးဆော်တိုက်တွန်းခြင်းများ ပြုလုပ်ကာ ကုသိုလ်ယူကြစေလိုကြောင်း၊ အားလုံးပုဂ္ဂိုလ်များ အနေဖြင့်လည်း မိမိတို့စွမ်းရာ လုပ်အားဒါန၊ ပစ္စည်းဒါန၊ ပညာဒါနတို့ဖြင့် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ကုသိုလ်ယူကြစေလိုကြောင်း အကျယ်တဝင့် မိန့်ကြားတော်မူပြီး 'ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု' သုံးကြိမ်ရွတ်ဆို အမိဋ္ဌာန်ပြုကြကာ သြဝါဒခံယူပွဲ အခမ်းအနားကို အောင်မြင်စွာကျင်းပခဲ့ကြပေသည်။ ”

တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ဘက်စုံပြုပြင် ထိန်းသိမ်းရေး အလုပ်အမှုဆောင်ဂေါပကအဖွဲ့သည် သြဝါဒခံယူပွဲပြီးဆုံးချိန်မှစ၍ နယ်မြေဒေသရှိ လုပ်အားကုသိုလ်ရှင်များ၊ ဆရာ-ဆရာမများ၊ ကျောင်းသူ-ကျောင်းသားများ၏ လုပ်အား

ကုသိုလ်ဖြင့် ရွှေဂူကြီးဆရာတော်၊ ကျောက်ဆည်မဟာဂန္ဓာရုံ စာချဘုန်းကြီး အရှင်ပဏ္ဍိတနှင့် တမ္ဗဝတီဦးဝင်းမောင်တို့၏ အနီးကပ်ကြီးကြပ်မှုများ ရယူကာ စေတီတော်ကြီး သန့်ရှင်းရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြလေသည်။

မန္တလေးနေ့စဉ် (၇-၂-၂၀၁၅)

# (၄)

သမိုင်းဝင် ရှင်ပင်ရွှေဂူကြီးဘုရားကြီး ဘုန်းတန်ခိုး တောက်ချိန်၊ ရောင်တော်လွှတ်ချိန်၊ ရှေးဟောင်း အမွေအနှစ် ယဉ်ကျေးမှုသစ်ပင်ငုတ်တိုမှ ယဉ်ကျေးမှုအမွေအနှစ် အရွက်-အခက်-အလက်များ စည်ပင်ပြန့်ပွားချိန် ရောက်ရှိလာပေပြီ။ မှန်ပါ၏။ နယ်မြေဒေသခံများ၏ ကြိုးစားအားထုတ်လျက် လုပ်အားဒါန ကုသိုလ်ပြုမှု၊ အဝေးအနီး ကုသိုလ်ရှင်များ၏ ကျွေးမွေးလှူဒါန်းကုသိုလ်ယူမှု၊ တာဝန်ရှိသူများ၏ တာဝန် သိသိ ဆောင်ရွက်အားထုတ်မှုတို့ကြောင့် တမှတ်ရှင်ပင် ရွှေဂူကြီးဘုရားရှိ ခေတ်အဆက်ဆက် မင်းမြတ်များ၏ ကောင်းမှုကုသိုလ်တော် ပုံရိပ်များသည် အံ့ဩဖွယ်ရာ ပေါ်ထွက်လာလေသည်။ ထိုအကြောင်းကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလ (၂၅) ရက်နေ့၊ ဆရာကြီးဦးမောင်မောင်တင်

(မဟာဝိဇ္ဇာ) ၏ ၉၃ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်တွင် တမ္ဗဝတီ ဦးဝင်းမောင် ဖတ်ကြားသည့်စာတမ်း၌-

"ပြိုကျပျက်စီးနေသော အုတ်ကျိုးအုတ်ပဲ့များကို ဖယ်ထုတ်ရှင်းလင်းကြရာ အုတ်ပုံကြီး အနောက်မြောက်ထောင့်မှ ပင်းယခေတ် ကျောက်စာတစ်ချပ် ပေါ်ထွက်လာခဲ့သည်။ ထိုကျောက်စာမှာ သက္ကရာဇ် (၇၁၈)ခုနှစ်တွင် ပင်းယမင်း ဆင်ဖြူသခင် ကျော်စွာမင်းကြီး (၇၁၃-၇၂၃)သည် တမုတ်ရွှေဂူကြီးသို့ မိဖုရားခေါင်ကြီးနှင့်တကွ ပြည်ကြီးကျက်သရေ လှေတော်ကို စီး၍ ဘုရားဖူး ကြွရောက်တော်မူပြီး သာသနာ(၅၀၀၀)တည်စိမ့်သောငှာ ဘုရားဝတ်တော်မြေ (၁၉)ပယ်နှင့် အမှုလုပ်ဘုရားကျွန်(၄)ယောက်ကို လှူဒါန်းခဲ့ကြောင်း မှတ်တမ်းရေးထိုးထားခြင်း ဖြစ်သည်။ ထို့ကြောင့် မူလပုဂံခေတ်က တည်ထားခဲ့သော ဂူဘုရားကြီးကို ပင်းယခေတ်တွင် တမုတ်မြို့ဟောင်း မြို့ရိုးရှိအုတ်များကို ဖျက်သယ်၍ စည်းခုံစေတီတော် ကြီးအဖြစ် လွှမ်းငုံတည်ထားခဲ့ခြင်း ဖြစ်သည်ဟု ယူဆနိုင်သည်။

တူးဖော်တွေ့ရှိချက်များအရ အသစ် လွှမ်းငုံတည်ထားသော စေတီတော်ကြီး၏ ဖိနပ်တော်မှာ အတောင်(၆၀) ပေ (၉၀) ပတ်လည် ဖြစ်ပြီး ဉာဏ်တော်မှာ အတောင် (၅၀) (၇၅) ပေခန့် ရှိသည်ဟု တွေ့ရှိရသည်၊ ဆက်လက်၍ ကျေးရွာပေါင်း

(၇၀) ကျော်မှ လုပ်သားပြည်သူများ၊ အစိုးရဌာနနှင့် တက္ကသိုလ်၊ အထကကျောင်းအသီးသီးမှ ကျောင်းသူ ကျောင်းသားများ၊ ဝန်ထမ်းများ၊ လုပ်အား အလှူရှင် (၅၀၀) မှ (၁၅၀၀၀) ခန့် အထိ ဥပုသ်သီတင်းနေ့များတွင် လုပ်အားပေး တူးဖော်ရှင်းလင်းကြရာ ထိပ်တွင် ကွမ်းတောင်အထွဋ် တင်ထားသော ဂူဘုရားငယ် တစ်ဆူ ပေါ်ထွက်လာခဲ့သည်။ ပေါ်ထွက်လာသော ဂူဘုရားငယ်မှာ အလျား (၅၉) ပေ၊ အနံ (၃၆) ပေ ခန့် ရှိပြီး အမြင့် ဉာဏ်တော် (၄၅) ပေကျော်ရှိသည်၊ မူလက အုတ်ရိုးဘုရားမျှသာ ထွက်လာနိုင်သည်ဟု မျှော်လင့် ခဲ့သော်လည်း အတွင်းမှ ပွင့်ပေါ်လာသော ဂူဘုရား၏ အပြင် နံရံအားလုံးတွင် အနုစိတ် အင်္ဂတေပန်းတော့ လက်ရာများ အံ့ဩဖွယ် ကျန်ရှိနေသေးသည်ကို တွေ့ရှိရသည်။

သို့သော်လည်း ပေါ်ထွက်လာသော အင်္ဂတေပန်းတော့ လက်ရာများ၊ အတွင်းမှ ဆင်းတုတော် စနစ်ပုံစံနှင့် ဂူဘုရား၏ ပန္နက်ပုံများအရ အသစ်ပေါ်ထွက်လာသော ဂူဘုရားငယ်မှာ အစောဆုံး (၁၂) ရာစုနောက်ပိုင်း၊ နောက်အကျဆုံး (၁၃) ရာစု အစောပိုင်း ပုဂံခေတ်နှောင်းလက်ရာသာဖြစ်၍ အနော်ရထာ မင်းကြီး တည်ထားခဲ့သော စေတီမဟုတ်ကြောင်း သိရှိရသည်၊ အားလုံးက အနော်ရထာမင်းကြီး၏ ကောင်းမှုလက်ရာ အစစ်ကိုသာ ဖူးတွေ့လိုကြသည်။

လွှမ်းငုံထားသော အပြင်စေတီကြီး၏ အုတ်ကျိုးအုတ်ပဲ့များကို ရှင်းလင်းရာတွင် အနောက်မျက်နှာရှိ အုတ်၏ အရောင်အသွေးနှင့် အုတ်စီပုံများ အနည်းငယ် ထူးခြား၍ ချန်လှပ်ထားခဲ့သည်။ မြောက်ဘက်၊ အရှေ့ဘက်နှင့် တောင်ဘက်တို့ကိုသာ ကုန်စင်အောင် တူးဖေါ်ခဲ့ပေသည်။ တူးဖေါ်ရာတွင်လည်း မူလအပြင်မှ လွှမ်းငုံထားသော စေတီ၏ ပုံသဏ္ဌာန်ကို သိရှိနိုင်ရန် အားလုံးကို ဖယ်မပစ်ဘဲ အခြေကို အမြင့် (၃) ပေခန့် ချန်လှပ်၍ ပန္နက်ပုံအဖြစ်လည်းကောင်း၊ အနောက်တောင်ထောင့်တွင် လွှမ်းငုံထားသော အုတ်ပုံကြီး၏ ဖြတ်ပိုင်းပုံ တည်ရှိနိုင်ရန် နံရံအထူ (၁၂) ပေခန့် ချန်၍ လည်းကောင်း တူးဖော်ခဲ့သည်။

ထိုသို့ တူးဖော်ရာတွင် စေတီတော်ကြီး၏ အနောက်မြောက်ထောင့်တွင် အလျား (၄၀) ပေ၊ အနံ (၃၅) ပေခန့်ရှိ ဆင်းတုတော်သုံးဆူ ပါရှိသော အုတ်ကွပ်မိုး အဆောက်အအုံတစ်ခုနှင့် စေတီတော်ကြီး၏ အနောက်တောင်ထောင့်တွင် (၁၂) ပေ ပတ်လည် ဗဟိုအူတိုင်၏ အရှေ့ဘက်နှင့် အနောက်ဘက်တွင် ကပ်လျက်တည်ရှိနေသော ဆင်းတုတော်နှစ်ဆူတို့ ပေါ်ထွက်လာခဲ့သည်။ ဆက်လက် တူးဖော်လျှင် ဗဟိုမဏ္ဍိုင်ကို ဖောက်၍ တောင်မြောက်ဝင်ပေါက် ထွက်ပေါ်လာနိုင်ချေ ရှိသည်။ ပေါ်ထွက်လာသော ဆင်းတုတော်များ၏

ပလ္လင်တော်ကို အသေးစိတ် တူးဖော်ရာတွင် ပလ္လင်တော်မှာ အထပ်သုံးထပ်ရှိပြီး အတွင်းဆုံးအထပ်မှ ပလ္လင်တော်ထက်ရှိ ကြာမှောက် ကြာလှန် ပလ္လင်တော်မှာ ပုဂံ အနော်ရထာမင်း၏ လက်ထက်တော် ပန်းရန်စီပုံ စံနစ်အတိုင်း အုတ်ကို ကြာဖတ်ပုံများ ထွင်းထု၍ စီထားသည်ကို တွေ့ရှိရသည်။

ဤဆင်းတုတော်သုံးဆူတွဲ အခြေမှ ခရုချွန်းပုံ မြေမီးဖုတ်ဆံတော်များ တွေ့ရှိခြင်းကလည်း တကောင်း စည်းခုံကြီး ဝန်းကျင်ရှိ အနော်ရထာမင်းတရားကြီး ပြုပြင် တည်ထားခဲ့သော အင်္ဂတေဆင်းတုတော်ကြီးများတွင် ခရုပုံ မြေမီးဖုတ်ဆံတော်များ စိုက်ထားပြုလုပ်ခဲ့ခြင်းနှင့် တူညီနေ ပေသည်၊ ထို့အပြင် ပုဂံမြို့ အနော်ရထာမင်းကြီး နန်းတော်ရာ တူးဖော်မှု အောက်ပိုင်းမြေလွှာမှ ရရှိသော အဖြူရောင် ဆေးရေးပါ အနီရောင် အရောင်တင်ထားသော အိုးခြမ်းကွဲ ပုံစံမျိုးများလည်း ဆင်းတုတော်ကြီး အခြေမှ ရရှိခဲ့သေးသည်။ အထင်ရှားဆုံး အချက်မှာ ဆင်းတုတော်ကြီး ရှေ့တော်မှ ရွှေပေါင်းအုတ်ခွက်ငါးမျိုး ရရှိခဲ့ရာ အားလုံးသည် ကျောက်စာဝန်ပေါင်း ဦးမြ၏ ရွှေပေါင်းအုတ်ခွက် ရုပ်ပွား ဆင်းတုတော်များ စာအုပ်နှင့် ပုဂံရှေးဟောင်းသုတေသန ဌာနခွဲမှ ဆရာကြီး မွန်ဗိုကေ၏ ဆောင်းပါးများအရ ပုဂံခေတ်ဦး အနော်ရထာမင်းကြီး လက်ထက်တော်က

ကလံသံဗျင် မင်းမှုထမ်းအမတ်များ လှူဒါန်းပူဇော်ခဲ့သော အုတ်ခွက်များနှင့် ပုံစံ အတူတူပင် ဖြစ်သည်။ ဗုဒ္ဓဝင်ရှစ်ခန်းပါ အုတ်ခွက်တစ်ဆူ (အမြင့် ၁၆ cm၊ ဗျက် ၁၀ cm) ၏ အောက်ခြေတွင်မူ ရှေးဟောင်း မြန်မာစာဖြင့် "က္ကဒံ ဝတ မေ ကမ္မံ သဗ္ဗညုတဉာဏ ပဋိဝေဓဿ ပစ္စယော ဟောတု (တိ)" ဟူသော ပါဠိ စာတစ်ကြောင်း ပါရှိပေသည်။ (ဆရာ ဦးဗိုကေ ထံမှ အလားတူ အခြားအုတ်ခွက်တွင်မူ ပါဠိစာ မဟုတ်ဘဲ မွန်စာ ပါရှိသည်၊)

ထိုအချက်များက အလယ်ဗဟိုရှိ ဆင်းတုတော်ကြီးနှင့် ဝဲယာဘေးနှစ်ဘက်မှ ဆင်းတုတော်ငယ် နှစ်ဆူ စုစုပေါင်း သုံးဆူတို့မှာ မူလ (၁၁) ရာစု အနော်ရထာမင်းကြီး၏ လက်ထက်တော်က တည်ထားခဲ့သော ရှေးဟောင်းလက်ရာ များ ဖြစ်သည်ကို သိရှိရသည်၊ ဆင်းတုတော် သုံးဆူလုံး၏ ပလ္လင်တော်များ၊ ကြမ်းပြင်များ၊ နံရံများမှာ အားလုံး သုံးထပ်စီ ရှိနေကြသည်၊

အဆောင်ကြီး၏ အနောက်ဘက်ဝင်ပေါက်မှ လချေး ကျောက်အနက်ဖြင့် ထုလုပ်ထားသော ကျောက်စာပုံ သိမ်နိမိတ်တစ်တိုင် တွေ့ရှိရသဖြင့် ဤအဆောင်သည် သိမ်နေရာ ဖြစ်နိုင်ခြေရှိသည်။ ထို့ကြောင့် ထိုအနောက် မြောက်ထောင့်ရှိ ဆင်းတုတော်သုံးဆူတွဲ ပါရှိသော

သိမ်အဆောင်ကြီးကို မူလက (၁၁) ရာစု ပုဂံခေတ်ဦးတွင် စတင်တည်ထားခဲ့ပြီး (၁၂) ရာစု (၁၃) ရာစု ဟူသော ပုဂံခေတ်လယ် ပုဂံခေတ်နှောင်းတို့တွင် ကုသိုလ်ရှင် အသီးသီး တို့က ခေတ်အဆက်ဆက်၌ ထပ်မံလွှမ်းငုံ တည်ထားပြုပြင် ပူဇော်ခဲ့ကြကြောင်း သိရှိရသည်။

အနောက်မြောက်ထောင့်ရှိ ဆင်းတုသုံးဆူတွဲ သိမ်တော် ကြီးတွင် ပလ္လင်တော်များ၊ ခေတ်သုံးခေတ် အထပ်သုံးထပ် ရှိသကဲ့သို့ပင် အနောက်တောင်ထောင့်ရှိ ဂူဘုရားဟု ယူဆ ရသော ယခုပွင့်ပေါ်ဆဲ ဆင်းတုတော်နှစ်ဆူတို့မှာလည်း ပလ္လင်သုံးဆင့်စီ ပါရှိခဲ့သည်ကိုတွေ့ရသည်၊ (သိမ်တော်ကြီးတွင် ပလ္လင်တော်များကို ရှေ့သို့တိုး၍ လွှမ်းငုံတည်ထားပြီး ဂူဘုရားတွင်မူ အသစ်ပလ္လင်တော်များက အဟောင်းဆင်းတု ကိုယ်ထည်ကို လွှမ်းငုံ၍ အထက်သို့မြှင့်တင်ပြီး လွှမ်းငုံထား ကြသည်။) သုံးဆူတွဲ ဆင်းတုတော် များမှာ အထက်ပိုင်းနှင့် ဦးခေါင်းတော်များ မပါရှိတော့သဖြင့် ခေတ်ကို ခန့်မှန်း၍ မသေချာလှသော်လည်း ဂူဘုရားမှ ကျောခြင်းကပ် ဆင်းတုတော်နှစ်ဆူတို့မှာမူ မျက်နှာတော်များ အကောင်းနီးပါး ကျန်ရှိသေး၍ ခေတ်ကို အလွယ်တကူ နီးကပ်စွာ ခန့်မှန်းနိုင် ပေသည်။

အနောက်မျက်နှာလှည့် ဆင်းတုတော်အငယ်မှာ

ကေတုမာလာ ရောင်လျှံတော်မပါဘဲ ပြောင်ချော ဆံတော်အရ (၁၃)ရာစုနှစ် လက်ရာဖြစ်သော်လည်း နှာခေါင်းတော် မေးတော်နှင့် ပါးစပ်တော်တို့က (၁၂) ရာစုဟန် ဖြစ်နေသည်၊ အရှေ့မျက်နှာလှည့် ဆင်းတုတော်အကြီးမှာမူ (၁၁) ရာစု အနှောင်းပိုင်း လက်ရာဖြစ်ပြီး မြေမီးဖုတ် ပိန္နဲဆူး ဆံတော်များ ပါရှိသည်။ ထိုဆင်းတုကို နှောင်းပိုင်းခေတ် (၁၃) ရာစုခန့် ၌ ထပ်ပိုး၍ ပြုပြင်ခဲ့ကြောင်းလည်း အပေါ် လွှာ အင်္ဂတေများ တွေ့ရှိရသည့်အပြင် ထိုခေတ်၌ ဆံတော်ကို သဘာဝ ခရုချွန်ငယ်များဖြင့် စိုက်ထောင်ထားခဲ့သည်ကို ထူးခြားစွာ တွေ့ရှိရသည်။

ဆင်းတုတော်ကြီး၏ အောက်၌ မြေမီးဖုတ် ခရုခွေ ဆံတော်များ ပါရှိသည်၊ (၁၁) ရာစု အဦးပိုင်း ဆင်းတု တစ်ဆူနှင့် ထိုဆင်းတုတော်၏အောက်၌ ပို၍စောသော ဆင်းတုတော်တစ်ဆူ၏ တင်ပျဉ်ခွေ အပိုင်းများကိုလည်း တွေ့ရှိရသောကြောင့် ဤအနောက်တောင်ထောင့်ရှိ ဂူဘုရားငယ် အတွင်းမှ ဆင်းတု တော်များသည်

- အနော်ရထာမင်းကြီးလက်ထက် (၁၁)ရာစုဦး

- ထို့နောက် (၁၂) ရာစု ပုဂံခေတ်လယ်နှင့် (၁၃) ရာစုဦး ပုဂံခေတ်နှောင်းတို့တွင် ခေတ်အဆက် ဆက်၌ လွှမ်းငုံ တည်ထားခဲ့ကြသဖြင့် ဤအဆောက်အအုံမှာ အနော်ရထာ

မင်းကြီး၏ မူလတမုတ်ရွှေဂူ စေတီတော်ဖြစ်သည်ဟု ယူဆနိုင်ပေသည်။" ဟု ဖော်ပြထားလေသည်။

"တိုက်ဆိုင်သည်" ဟုပင် ဆိုကြရပေတော့မည်။ တတိယငွေတွင်းတူးတောရဆရာတော်နှင့် တပည့် ဒကာ-ဒကာမများက ၁၂၇၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့သည့် ငွေတွင်းတူးတောရကျောင်းတိုက် နှစ်တစ်ရာပြည့် ရာပြည့်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့် ၁၃၇၀ ပြည့်နှစ် အချိန်ဝယ် ငွေတွင်းတူးမျိုးဆက် တပည့်ကြီးများ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော အနော်ရထာ မင်းတရားနှင့် မြန်မာမင်းအဆက်ဆက်တို့၏ ကုသိုလ်တော် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီးလည်း ဘုန်းတော်-တန်ခိုးတော်များ ထွန်းလင်းတောက်ပကာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရောင်တော်လွှတ်လျက် ရှေးမြန်မာလူမျိုးတို့၏ လူနေမှုဘဝ အဆင့်အတန်းကို ဂုဏ်ယူဝင့်ကြွားစွာ ဖော်ညွှန်းပြသတော်မူလေသည်။

**မန္တလေးနေ့စဉ် (၁၅-၂-၂၀၁၅)**

# (၅)

သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီးသည် ထူးခြားဆန်းပြား ခမ်းနားလှသည့် မင်းအဆက်ဆက်ကုသိုလ်တော် ဗုဒ္ဓရုပ်ပွားတော်ကြီးများ၊ ခေတ်အဆက်ဆက် မြန်မာ့ယဉ်ကျေးမှု အနုပညာ ပန်းတော့လက်ရာများ ပေါ်ထွက်လာမှုကြောင့် အလွန်စည်ကားလျက် ရှိလာသည်။ ရွှေဂူကြီး ဝန်းကျင်၌ သမိုင်းဝင် ရွှေဆပ်သွားဘုရားကြီး၊ ချမ်းသာကြီးဘုရား၊ တမုတ်ရွှေသိမ်တော်ဘုရားနှင့် ဝိနည်းမှိုရ်ဆရာတော်ကြီးများ သီတင်းသုံးတော်မူရာ ငွေတွင်းတူးတောရ ကျောင်းတိုက်များ တည်ရှိသည်။ (ဘုရားဖူး ကုသိုလ်ဆည်းပူးသူများအနေဖြင့် ဘုရားကြီး၏ အနောက်တောင်ဘက်ရှိ အနော်ရထာမင်းတရား၏ ကုသိုလ်တော် တမုတ်ရွှေသိမ်တော်ဘုရားနှင့် ငွေတွင်းတူးတောရကျောင်းတိုက်၊ ယင်းကျောင်းတိုက်အတွင်းရှိ မြင်စိုင်းခေတ် မြင်စိုင်းမင်းညီနောင်သုံးပါးတို့၏ ကုသိုလ်တော် ကျောက်စာကိုပါ ဖူးမျှော်လေ့လာသင့်ပေသည်။)

ထို့ပြင် ဘုရားကြီးဝန်းကျင်၌ ဘုရားကြီး၏မေတ္တာတော်ရိပ်ကို ခိုလှုံနေထိုင်ကြသည့် ညောင်ရွှေ-ညောင်ဝန်း-ညောင်ပင်ဇောက်-ကြောင်ပန်းကုန်း-ငယ်တိုး-ပဒေါင်ခါး-ရွာသစ်-သင်ပျို-ငါးဆူရွာများ တည်ရှိသည်။ ဘုရားကြီး၏အနောက်ဘက်တွင် ရွှေဂူဆရာတော် တည်ထောင်ထားသည့် ရွှေဂူပရဟိတ ဘုန်းတော်ကြီးပညာရေးကျောင်း တည်ရှိပြီး ယင်းပရဟိတကျောင်းတွင် နယ်စပ်ဒေသမှ သာမဏေငယ်တစ်ရာကျော် ပညာသင်ယူလျက်ရှိသည်။ဘုရားကြီး၏အရှေ့မြောက်ယွန်းယွန်း ကျောက်ဆည်-တံတားဦးသွား ကားလမ်း၏မြောက်ဘက်တွင် ကျောက်ဆည်မဟာဂန္ဓာရုံ စာချဘုန်းကြီးအရှင်ပဏ္ဍိတ ဦးစီးတည်ထောင်ထားသည် (၉/၁၀) တန်းအခမဲ့ သပြေပင်ပရဟိတ ပညာဒါနသင်တန်းကျောင်းနှင့် နယ်သူ-နယ်သားများ အလွန်အားထားရာ ညောင်ရွှေအခြေခံပညာအထက်တန်းကျောင်းများ တည်ရှိသည်။

ထို့အတူ ဘုရားကြီးပရိဝုဏ်အတွင်း၌ ဘုရားကြီးအဝင်-အထွက်လမ်း ဝဲယာတွင် ပျက်စီးနေသည့် ရှေးဟောင်းစေတီတော်နှစ်ဆူကို ဖူးတွေ့နိုင်သည်။ ထိုစေတီတော်မြတ်နှစ်ဆူ ပြုပြင်ထိန်းသိမ်းရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့များက ရှေးဟောင်းယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြမေတ္တာရပ်ခံသွားမည်ဖြစ်ကြောင်း သိရသည်၊ ဘုရားကြီး

အရှေ့တောင်ဘက်တွင် ရွှေဂူဆရာတော် သီတင်းသုံးတော်မူရာ ကျောက်လိုဏ်ဂူ၊ ထေရာဝါသကျောင်းဆောင်နှင့် ရွှေသံလွင်မိသားစု၏ကုသိုလ် တည်ဆောက်ဆဲ သုံးထပ်ဆွမ်းစားဆောင်၊ ရွှေနှင်းဆီ သိမ်ကျောင်းဆောင်များ တည်ရှိသည်။

ဘုရားကြီး၏တောင်ဘက်တွင် ရွှေနှင်းဆီမိသားစု၏ ကုသိုလ် ဓမ္မဗိမာန်တော်ကြီး တည်ရှိပြီး ယင်းဗိမာန်တော်ကြီး အတွင်း၌ တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ပွင့်ပေါ်လာပုံ အဆင့်ဆင့် ဓာတ်ပုံများ၊ မှတ်တမ်းများ၊ စာရွက်-စာတမ်း ဆောင်းပါးများ စေတီတော်ကြီးရှင်းလင်းရာမှ ရရှိသည့် အန္တဂူရုပ်ကြွဘုရားနှင့် အခြားသော ဗုဒ္ဓရုပ်ပွားတော်များ၊ ဓာတ်တော်များ၊ ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများ ခင်းကျင်းပြသထားကို သုတေသီများလေ့လာနိုင်ပေသည်။ ဗိမာန်တော်ကြီး၏ အရှေ့ဘက်တွင် ရှေးဟောင်း ရေတွင်းနှင့် နှစ်ပေါင်းများစွာ သက်တမ်းကြာမြင့်လာသည့် ညောင်ပင်ကြီးများကို လေ့လာသုတေသန ပြုနိုင်ပေသည်။ (အန္တဂူရုပ်ကြွဘုရား အကြောင်းကို အလျဉ်းသင့်က သီးခြားဖော်ပြပါဦးမည်။)

စေတီတော်ကြီး၏ အနောက်တောင်ထောင့်တွင် ၁၃၅၀ ပြည့်နှစ်က တတိယငွေတွင်းတူးတောရ ဆရာတော် အရှင်စန္ဒိမာ ဦးဆောင်လျက် အမိုးများပြုပြင်ခဲ့သည့်

အင်းဝခေတ်လက်ရာ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် ဂန္ဓကုဋိကျောင်းဆောင်ကို လေ့လာနိုင်သည်။ ဂန္ဓကုဋိကျောင်းတော်ကြီး၏ ရှေ့တွင် ကျောက်သားနီ၍ ကျောက်ထွင်း စာလုံးများ ပီပီပြင်ပြင် မတွေ့ရတော့သည့် ကျောက်စာတစ်ချပ် ရှိသည်။ ကျောက်သားနီ၍ မျက်နှာပြင်ကျောက်သားများ ကြွေကျကုန်သဖြင့် သမိုင်းအတွက် တန်ဖိုး ကြီးမားလှသည့် အထောက်အထားများ ဆုံးရှုံးခဲ့ရလေသည်။ ဘုရားကြီး၏ ပရိဝုဏ် ပတ်လမ်းဝဲ-ယာ၌ ရွှေဂူကျောင်းသံဃာတော်များနှင့် ယောဂီသူတော်စင်များ သီတင်းသုံးနေထိုင်ရာ ကမ္မဋ္ဌာန်း ကျောင်းငယ်များနှင့် ရှင်းလင်းဆောင်၊ ဂေါပကရုံး၊ အလှူခံ ဌာနများ တည်ရှိသည်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအဖြစ် ဘုရားကြီး၏ အရှေ့ဘက်၊ အရှေ့တောင်ဘက်များတွင် မြောက်ဘက်သို့ မုခ်ဦးလှည့်ထားသည့် တဝဂူစေတီတော်ကြီးနှစ်ဆူ၏ ပန္နက်တော်များ၊ မဟာရံ တံတိုင်းများ၊ အရှေ့မြောက်ထောင့်တွင် နောင်တော်ကြီးစေတီဟု ခန့်မှန်းထားသည့် အလယ်မဏ္ဍိုင်ကို ဗဟိုပြုလျက် လေးဘက်အဝင်မုခ်ဦးများဖြင့် တည်ထားပူဇော်ခဲ့သည့် ရှေးဟောင်းစေတီတော်ကြီး၏ ပန္နက်တော်အုတ်ရိုးများ၊ အနောက်မြောက်ဘက်တွင် သိမ်တော်ကြီးဟု ယူဆရသည့် ရှေးခေတ် သူတော်စင်များပူဇော်ခဲ့သော အင်္ဂတေဗုဒ္ဓ

ရုပ်ပွားတော် သုံးဆူပါရှိသည့် အဆောက်အဦ အုတ်စီ သရိုးကိုင် သိမ်တော်ကြီး၏ အုတ်မြစ်များကို လေ့လာနိုင်သည်။ ( သိမ်တော်ကြီးအတွင်းမှ သိမ်တိုင်ဟု ယူဆရသည့် ဝေဘူတောင်မှထွက်သည့် ဝေဘူကျောက်အနုစား ပုဂံခေတ်လက်ရာ သိမ်နိမိတ်ကျောက်တိုင်နှင့် အင်းဝခေတ် ကျောက်စာတစ်ချပ်ကိုလည်း တွေ့ရှိရသည်။ ယင်းသိမ်နိမိတ်တိုင်နှင့် ကျောက်စာကိုလည်း ဗဟုသုတအဖြစ် ယခုတိုင် လေ့လာနိုင်သည်။)

ဘုရားကြီး၏ အနောက်တောင်ဘက်တွင် "သုံးထပ်ဘုရား"ဟု အထူးထင်ရှား ကျော်ကြားသည့် ပလ္လင်သုံးထပ်နှင့် ရုပ်ပွားတော်သုံးထပ်ရှိ ပုဂံခေတ်လက်ရာ အထပ်ထပ်သော ပလ္လင်တော်၊ ဗုဒ္ဓရုပ်ပွား တော်များ လေ့လာကြည်ညိုနိုင်ပြီး ဘုရားကြီး၏အပြင်နံရံတွင် အံ့ဩဘနန်း ထူးထွေဆန်းပြားလှသည့် ၁၂ ရာစု ပန်းတော့လက်ရာ ငါးရာငါးဆယ် ဇာတ်နိပါတ်တော်များ၊ ခြင်္သေ့-ဆင်-မြင်း-ဟင်္သာစသည့် တိရစ္ဆာန်မျိုးစုံ၊ ဗြဟ္မာ-သိကြား၊ နတ်-လူများနှင့် နဂါး-ဂဠုန် ကုမ္ဘာန်ယက္ခစသည့် ရုပ်ကြွရုပ်ထုများအပြင် သစ်ပင်-ပန်းပင် သစ်ရွက်-သစ်ခက် ပန်း-ကြာမျိုးစုံနှင့် ကိန္နရာ-ကိန္နရီ အရုပ်မျိုးစုံတို့ကိုလည်း လေ့လာသုတေသန ပြုနိုင်ပေသည်။

ဘုရားကြီး၏အတွင်းပိုင်း မြောက်ဘက်မုခ်အဝင်

ဝဲယာတွင် အထက်ပစ္စယံ အထက်ကွမ်းတောင် စေတီတော်သို့ တက်ရာ အဝင်မုခ်ပေါက်နှင့် အတက်အုတ်လှေခါးများ၊ ရှေးခေတ်မြန်မာ့ဗိသုကာပညာရှင်များ၏လက်ရာ ဂုံးပိုင်း၊ ဂုံးချွန်းဖြင့် အုတ်ပေါင်းကူးလက်ရာများ၊ မြေတစ်ထပ်၊ သရိုးတစ်ထပ်ဖြင့် ပုံဖော်ထားသည့် နံရံဆေးရေးပန်းချီလက်ရာများကိုလည်း လေ့လာနိုင်ပေသည်။ အတွင်းပိုင်း၌ မြောက်ဘက် မုခ်တွင် ဉာဏ်တော်အမြင့် ၁၀ ပေခန့် အင်္ဂတေသရိုးဖြင့် ပြုလုပ်ပူဇော်ထားသော ဗုဒ္ဓရုပ်ပွားတော်ကြီးကို သပ္ပါယ်စွာဖူးတွေ့နိုင်ပြီး အရှေ့ဘက်-အနောက်ဘက်-တောင်ဘက်မုခ်ဦးများတွင်လည်း ရှေးခေတ် ဗုဒ္ဓရုပ်ပွားတော်များ ကြည်ညိုဖွယ်ရာ ကိန်းဝပ်စံပျော်နေသည်ကို လေ့လာဖူးတွေ့နိုင်ပေသည်။

ဤကဲ့သို့ ရှေးဟောင်းအမွေအနှစ် တန်ဖိုးကြီးမားလှသည့် သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး၏ ဘက်စုံပြုပြင်ရေးထိန်းသိမ်းရေးလုပ်ငန်းများသည် ကြီးမားလှသည့် တာဝန်ကြီးများဖြစ်နေသဖြင့် တမုတ်ရွှေဂူဆရာတော်နှင့် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ဂေါပကအဖွဲ့များက ယင်းကြီးမားလှသည့် တာဝန်ကြီးကို မူလကပင် ဦးစီးဦးဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်တော်မူခဲ့သည့် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် (ရွှေကျင်) ကျောက်ဆည်

မဟာဂန္ဓာရုံ ဆရာတော်ကြီးအား ဦးစီးဦးဆောင် ပြုလျက် တာဝန်ယူပေးတော်မူပါရန် (၆ - ၉ - ၂၀၁၄) ရက်စွဲပါစာဖြင့် ပြန်လည် အပ်နှံခဲ့ကြလေသည်။

ယင်းအပ်နှံမှုအရ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် (ရွှေကျင်) ကျောက်ဆည်မဟာဂန္ဓာရုံဆရာတော်ကြီးက တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ဘက်စုံပြုပြင်ထိန်းသိမ်းရေးအတွက် ဩဝါဒါစရိယဆရာတော်များအဖွဲ့၊ နာယကလူကြီးများအဖွဲ့၊ အလုပ်အမှုဆောင်ဂေါပကအဖွဲ့များ ဖွဲ့စည်း တာဝန်ပေးအပ်ဖို့ ကျောက်ဆည်မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်) ဆရာတော်များသို့ ညွှန်ကြားတော်မူခဲ့ရာ ကျောက်ဆည်မြို့နယ်သံဃနာယက (ရွှေကျင်) ဆရာတော်များက (၉- ၁- ၂၀၁၅) ရက်စွဲပါစာဖြင့် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ဘက်စုံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျအကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် (က) နယ်မြေဒေသခံဆရာတော်ကြီး (၁၃) ပါး ပါဝင်သည့် ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ နယ်မြေဒေသခံ ရပ်မိရပ်ဖများ ပါဝင်သည့် နာယကလူကြီးများအဖွဲ့၊ ယဉ်ကျေးမှုဌာန၊ သာသနာရေးဌာနနှင့် နယ်မြေ ဒေသခံလူငယ်လူရွယ် (၂၉) ဦး ပါဝင်သည့် အလုပ်အမှုဆောင်ဂေါပကအဖွဲ့များကို

ဖွဲ့စည်းလျက် တာဝန်များ အသီးသီး ပေးအပ်ခဲ့လေသည်။

သူတော်စင်အပေါင်းတို့ ယခုအခါ တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး အလုပ်အမှုဆောင်ဂေါပကအဖွဲ့သည် ဩဝါဒစရိယ ဆရာတော်ကြီးများလမ်းညွှန်မှု ဩဝါဒတော်များနှင့်အညီ ကျောက်ဆည်မြို့နယ် သံဃနာယကအဖွဲ့ ရွှေကျင်ဆရာတော်ကြီးများ၏ အနီးကပ်ကြည့်ကြပ်မှု ရယူကာ ကျောက်ဆည်မြို့ မြဘုရင်နို့ချက် ဦးဝင်းမောင်+ဒေါ်မြရင် မိသားစုတို့၏ ကောင်းမှုဖြင့် ရွှေဂူဘုရားကြီး၏ အဝင်မုခ်ဦးတည်ဆောက်ခြင်း၊ အများပြည်သူများ၏ စုပေါင်းကုသိုလ်ဖြင့် ပရိဝုဏ်သန့်ရှင်းခြင်း၊ ဘုရားသွားလမ်း ဖောက်လုပ်ခြင်း၊ ချမ်းသာကြီးဘုရားပရိဝုဏ် သန့်ရှင်းခြင်း၊ တံခွန်တိုင်နှင့် မဟာရာမ်တံတိုင်း တည်ဆောက်ခြင်း စသည့် ဘုရားကြီးဘက်စုံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိနေပေသည်။

ထို့ပြင် မြို့နယ်သံဃနာယက (ရွှေကျင်) ဆရာတော်ကြီးများကလည်း ဘုရားကြီး၏ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရာတွင် နည်းစနစ်ကျကျ ထိန်းသိမ်းနိုင်ဖို့ အသိပညာရှင် အတတ်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူထံသို့ အသိပညာရှင်၊ အတတ်ပညာရှင်များ

ဖိတ်ကြားကုသိုလ်ယူပေးဖို့ မေတ္တာရပ်ခံစာ ပေးပို့ထား ကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ခွင့်ပြုချက်ဖြင့် တမုတ်ရှင်ပင်ရွှေဂူ ဘုရားကြီးကို ကမ္ဘာ့သမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ် စာရင်းတွင် ထည့်သွင်းနိုင်ဖို့ ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း သိရပေသည်။ (ယဉ်ကျေးမှုဝန်ကြီးဌာနက သိမ်းပိုက်ခြင်း မဟုတ်ပါ။)

သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားကြီးနှင့် ပဋ္ဌာန်းဆက် မကင်းကြသည့် သူတော်စင် ဘုရားဒါယကာ- ဘုရားဒါယိကာမများအနေဖြင့် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး၏ ဘုရားသွားလမ်း ဖောက်လုပ်ရာတွင်လည်းကောင်း၊ ဘုရားကြီး ပရိဝုဏ်သန့်ရှင်းရေးနှင့်ဘုရားကြီး၏ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းများတွင်လည်းကောင်း၊ ဘုရားဖူး ပြည်သူများ နားခိုနိုင်ရန်အတွက် နားနေဆောင် ဓမ္မသာလာ များ ဆောက်လုပ်ရေးလုပ်ငန်းများတွင်လည်းကောင်း တစ်ပိုင် တစ်နိုင် ကုသိုလ်များ အားထုတ် ကုသိုလ်ယူလိုကြပါမူ ကျောက်ဆည်မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်) ဆရာ တော်ကြီးများ၊ မန္တလေး တိုင်းဒေသကြီး သစ်တော၊သတ္တုနှင့် သာသနာရေးဝန်ကြီး ဦးသန်းစိုးမြင့်နှင့် ရွှေဂူဘုရားကြီး အလုပ် အမှုဆောင်ဂေါပကလူကြီးများထံ ဆက်သွယ်လျက် ဗုဒ္ဓ

ပူဇနီယ ကောင်းမှုကုသိုလ်တရားများ တိုးပွားအောင် ကြိုးစားအားထုတ်ကြနိုင်ကြစေဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

မန္တလေးနေ့စဉ် (၂၂-၂-၂၀၁၅)

## (၆)

တမုတ်ရှင်ပင်ရွှေဂူဘုရားကြီးသည် မြန်မာပြည်အထက်ပိုင်း မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၊ ကြောင်ပန်းကုန်းကျေးရွာအနီး ကြောင်ပန်းကုန်းကွင်းအတွင်း ကျောက်ဆည်-တံတားဦးသွား ကားလမ်း၏ တောင်ဘက်တွင် တည်ရှိသည်။ စေတီတော်ကြီး၏ မူလကုသိုလ်ရှင်မှာ ပထမမြန်မာနိုင်ငံတော်ကြီး စတင်တည်ထောင်ခဲ့သည့် အနော်ရထာမင်းတရား ဖြစ်သည်။ အနော်ရထာမင်းတရား၏ကုသိုလ် စေတီငယ်ကို ပုဂံခေတ်နှောင်းပိုင်းတွင် နရပတိစည်သူမင်းနှင့် ပင်းယခေတ်တွင် ဥဇနာမင်းတို့က လွှမ်းငုံစေတီအဖြစ် ဆက်လက်တည်ထား ပူဇော်ခဲ့ကြသည်။

တမုတ်ရှင်ပင်ရွှေဂူဘုရားကြီးသည် ပုဂံခေတ်၊ မြင်စိုင်းခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်များတွင် နေလိုလလို

ဘုန်းတန်ခိုးကြီးမားခဲ့ပြီး အမရပူရခေတ်ဦးပိုင်းတွင် ပင်းယခေတ် စေတီတော်ကြီး ပြိုလဲကာ အမရပူရခေတ်နှောင်းပိုင်းနှင့် ရတနာပုံခေတ်များတွင် အုတ်ပုံ၊ အုတ်ကုန်းကြီးအဖြစ်သာ သီတင်းသုံး စံမွာယ်တော်မူခဲ့ရလေသည်။ (ဤအကြောင်းအရာ များမှာ တမှတ်ရွှေဂူစေတီတော်ကြီးနှင့် ခေတ်ပြိုင် တည်ထား ပူဇော်ခဲ့သည့် ရှင်ပင်ရွှေဆပ်သွားဘုရားကြီး ယင်းစေတီတော် ကြီး နှစ်ဆူ၏ ခေတ်အဆက်ဆက် ပူဇော်ခဲ့ကြပုံ မှတ်တမ်းများ ကို ခြုံငုံသုံးသပ်၍ ရေးသားတင်ပြခြင်းဖြစ်သည်။)

၁၂၇၇ ခုနှစ် ကိုလိုနီအစိုးရလက်ထက်တွင် ပထမ ငွေတွင်းတူး ဆရာတော်ကြီး၏ တပည့်ဖြစ်သူ ကြောင်ပန်း ကုန်းကျေးရွာနေ ဦးစံထွား ဦးဆောင်လျက် စေတီတော်ပျက် အုတ်ကုန်းပေါ်တွင် စေတီငယ်တစ်ဆူ တည်ထားကိုးကွယ်ကာ နှစ်စဉ် နတ်တော်လပြည့်နေ့ရောက်တိုင်း ကောက်ဦးဆွမ်း လောင်းလှူပွဲ ကျင်းပခဲ့ကြသည်။ နယ်သူ နယ်သားများ အနေဖြင့် ယင်းကောက်ဦးဆွမ်း လောင်းလှူပွဲကို နှစ်စဉ်မပျက် ကျင်းပလာခဲ့ကြရာ ယခုလာမည့် ၁၃၇၇ ခုနှစ်၊ နတ်တော် လပြည့်နေ့ရောက်လျှင်မူ နှစ်ပေါင်း တစ်ရာတင်းတင်းပြည့် လေတော့မည် ဖြစ်ပေသည်။

၁၃၅၁ ခုနှစ်တွင် ရွှေဂူစေတီတော်ကြီးရင်ပြင်၌ ငွေတွင်း တူး တောရကျောင်းမှ လက်ထောက်နာယက ဆရာတော်

အရှင်စန္ဒောဘာသ ပြောင်းရွှေ့သီတင်းသုံးတော်မူပြီး ဂိုဏ်း ပေါင်းစုံ ဆရာတော်ကြီးများက ဆရာတော် အရှင်စန္ဒောဘာသ အား ဘုရားစောင့် ကျောင်းထိုင်ဘုန်းကြီးအဖြစ် အသိ အမှတ်ပြုတော်မူခဲ့ကြလေသည်။ ယင်းအချိန်မှစ၍ ရွှေဂူကြီး ဘုန်းကြီး အရှင်စန္ဒောဘာသသည် ပဒေါင်းခါးဆရာတော်၊ ကြောင်ပန်းကုန်း မဟာသုခဆရာတော်၊ ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော်များ၏ အနီးကပ် စောင့်ရှောက်မှုကို ခံယူကာ ရွှေဂူဘုရားကြီး ရင်ပြင်တော်အတွင်း၌ သန့်ရှင်းရေး လုပ်ငန်းများကို စတင်၍ အကောင်အထည်ဖော် ဆောင်ရွက် ခဲ့လေသည်။

ကျောက်ဆည်မြို့နယ် သံဃနာယက ဆရာတော်များ ကလည်း ရွှေဂူစေတီတော်ကြီး ဘက်စုံ တိုးတက်ဖွံ့ဖြိုးရေးကို ရည်မျှော်တော်မူကြလျက် လေးမြို့နယ်ဂိုဏ်းချုပ် ရှားပင် သုမနာရာမဆရာတော်၊ ကျောက်ဆည် မဟာဂန္ဓာရုံ ဆရာ တော်ကြီးများကို ခွင့်ပန်လျှောက်ထားကြကာ ကျောက်ဆည် မြို့နယ်၊ ရှားပင်ရွာ ရွာရှေ့ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကျောက်ဆည်-တံတားဦး-စဉ့်ကိုင် "သုံးမြို့နယ် ရွှေကျင်နိကာယ ဝိနည်း စာပြန်ပွဲ" ကို ကျောက်ဆည်-မြစ်သား-တံတားဦး-စဉ့်ကိုင် "လေးမြို့နယ် ရွှေကျင်နိကာယ ဝိနည်းစာပြန်ပွဲ" ဟု တိုးချဲ့လျက် ၁၃၆၉ ခုနှစ်

တွင် တမုတ်မြို့ဟောင်း သမိုင်းဝင် တမုတ်ရွှေဂူဘုရားကြီး ရင်ပြင်တော်၌ စတင်ကျင်းပတော်မူခဲ့ကြလေသည်။

ထိုမှုမက ကျောက်ဆည်မဟာဂန္ဓာရုံ စာချဘုန်းကြီး လေး အရှင်ပဏ္ဍိတသည် ကျောက်ဆည် မဟာဂန္ဓာရုံ ဆရာ တော်ကြီး၏ ဩဝါဒအမိန့်စကားတော်ကို ဦးထိပ်ရွက်လျက် ကြောင်ပန်းကုန်းအုပ်စု၊ ရပ်ကျေး သံဃနာယက ဆရာတော် ကြီးများ၊ ကျောက်ဆည် မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်) ဆရာတော်ကြီးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်သူ၊ တရားသူကြီး ဦးသန်းစိုးမြင့်တို့နှင့် တိုင်ပင်ညှိနှိုင်းကာ ၁၃၆၉-ခုနှစ်၊ တပေါင်း လဆန်း (၁၁) ရက်နေ့တွင် ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီး (၁၀) ပါး ပါဝင်သည့် ဩဝါဒါစရိယဆရာတော်များအဖွဲ့၊ ခရိုင်-မြို့နယ်အဆင့် တာဝန်ရှိသူများ ပါဝင်သည့် နာယက လူကြီးများအဖွဲ့၊ နယ်မြေဒေသခံ လူဦးရေ (၃၀)ပါဝင်သည့် အလုပ်အမှုဆောင် ဂေါပကအဖွဲ့များကို ဖွဲ့စည်း တာဝန် ပေးအပ်ကာ ၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း (၁) ရက်နေ့မှစ၍ တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ဘက်စုံပြုပြင်ရေးလုပ်ငန်းများ အတွက် ဩဝါဒခံယူပွဲ အခမ်းအနား ကျင်းပ ပြုလုပ်ပေးခဲ့ လေသည်။ (ယင်း ဩဝါဒခံယူပွဲ ပုံရိပ်များကိုမူ ထိုစဉ်က

မန္တလေးနေ့စဉ် သတင်းစာ၌ ရေးသားတင်ပြခဲ့သည့် "ဘုရားငုတ်တို ရောင်တော်လွှတ်ချိန်" ဆောင်းပါးတွင် ပြန်လည်လေ့လာနိုင်ပါသည်။)

၁၃၆၉-ခုနှစ်၌ ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည့် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ဂေါပကအဖွဲ့သည် အစပိုင်းတွင် မြို့နယ်သံဃနာယက (ရွှေကျင်) ဆရာတော်များ၏ အနီးကပ်ကြည့်ကြပ်မှုကို ခံယူကြလျက် တမုတ်ရွှေဂူဘုရားကြီး ဘက်စုံပြုပြင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြရာ ပုဂံခေတ်လက်ရာ အနုစိတ် အမွှမ်းပန်းများ၊ သုံးထပ်ရုပ်ပွားတော်နှင့် ပုဂံခေတ် ဆင်းတုတော်များ၊ ပျူခေတ် ပျူလူမျိုးတို့၏ အသုံးအဆောင်ပစ္စည်းများ ပေါ်ထွက်လာပြီး နေ့စဉ် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက် ရှိလာသည်။ သို့သော် နောက်ပိုင်းတွင်မူ မြို့နယ်သံဃနာယကဆရာတော်ကြီးများ နေရာ၌ သံဃနာယက ဆရာတော်ကြီးများအစား အချို့လူပုဂ္ဂိုလ်များ နေရာယူလာခြင်း၊ ရွှေဂူဆရာတော်ကိုယ်တိုင်ကလည်း လူပုဂ္ဂိုလ်များကိုသာ အလေးထား ဆောင်ရွက်နေခြင်းတို့ကြောင့် တိုင်းသံဃနာယက (ရွှေကျင်) အဖွဲ့ဝင်ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် မြို့နယ်သံဃနာယက (ရွှေကျင်) ဆရာတော်များက နောက်သို့ဆုတ်ကာအားပေးစောင့်ရှောက်မှုစနစ်ဖြင့်သာ စောင့်ရှောက်တော်မူကြလေတော့သည်။

(၆-၉-၂၀၁၄) နေ့ကမူ တမုတ်ရွှေဂူဆရာတော်နှင့် တာဝန်ယူဆဲ တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ဂေါပကအဖွဲ့သည် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ဘက်စုံ တိုးတက်ဖွံ့ဖြိုးရေးကို ဦးတည်လျက် တမုတ်ရွှေဂူဘုရားနှင့်စပ်သမျှ ကိစ္စအဝဝတို့ကို မူလစတင် ဦးစီးဆောင်ရွက်တော်မူခဲ့သည့် ဆရာတော်ကြီး သုံးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော မန္တလေးတိုင်းဒေသ ကြီး သံဃနာယကအဖွဲ့ (ရွှေကျင်) ကျောက်ဆည် မဟာဂန္ဓာရုံ ဆရာတော်ကြီးအား စာအားဖြင့် လည်းကောင်း၊ နှုတ်အားဖြင့် လည်းကောင်း ပြန်လည်အပ်နှံခဲ့ကြသဖြင့် ကျောက်ဆည် မဟာဂန္ဓာရုံ ဆရာတော်ကြီးက တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး ဘက်စုံ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စနစ်တကျ ဖြစ်စေရန် ကျောက်ဆည် မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်) ဆရာတော်များထံ မေတ္တာရပ်ခံစာ ပေးပို့တော်မူလေသည်။

ကျောက်ဆည်မြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်) ဆရာတော်များသည် မန္တလေးတိုင်းဒေသကြီး သံဃနာယက အဖွဲ့ဝင် ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော်ကြီး၏ မေတ္တာ ရပ်ခံချက်နှင့် လမ်းညွှန်မှု ဩဝါဒတော်များကို ဦးထိပ်တင်လျက် ဩဝါဒါစရိယအဖွဲ့၊ နာယကအဖွဲ့၊ အလုပ်အမှုဆောင်ဂေါပက အဖွဲ့များ စနစ်တကျ အသစ်ဖွဲ့စည်းကာ ယဉ်ကျေးမှုဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၏ အကြံပေးမှုများ ရယူ၍ ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း (၅) ရက်နေ့မှ စတင်လျက် တမုတ်ရှင်ပင် ရွှေဂူ

ဘုရားကြီး၏ အသွားလမ်း အပြန်လမ်း ဖောက်လုပ်ခြင်း၊ လမ်းလယ်ကျွန်း၌ လျှပ်စစ်မီးတိုင် စိုက်ထူခြင်းများ ဆောင်ရွက်တော်မူကြလေသည်။

ထို့ပြင် တမုတ်ရွှေဂူဘုရားကြီး အဝင်မုခ်ဦးကိုလည်း ၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း (၁၀) ရက်နေ့တွင် ပန္နက်တင်မင်္ဂလာ ဆောင်ရွက်တော်မူကြလျက် ကျောက်ဆည်မြို့နေ ဦးဝင်းမောင်+ဒေါ်မြရင် (မြဘုရင် နို့ချက်စက်ရုံ) မိသားစုတို့၏ ကောင်းမှုကုသိုလ်ဖြင့် တည်ဆောက်ပူဇော်ခဲ့ကြရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီသဖြင့် (၇-၁၁-၂၀၁၅) နေ့တွင် ရေစက်ချမင်္ဂလာ ပြုလုပ်တော့မည် ဖြစ်ပေသည်။ ထို့အတူ စေတီတော်ကြီး၏အမိုး ဂန္ဓကုဋိကျောင်းတော်ကိုလည်း ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း (၁၀) ရက်နေ့တွင် ပြင်ဦးလွင်မြို့နေ ဦးဇော်မင်းဦး+ ဒေါ်မီမီထွေး (သမီး) မစပယ်ဦး၊ မမိုးပွင့်ဦး၊ (သား) မောင်ဖြိုးသန့်ကို (ဇော်မင်းဦးရွှေဆိုင်) မိသားစုတို့၏ ကုသိုလ်ဖြင့် တိုင်ထူမင်္ဂလာပြုလျက် အကောင်အထည်ဖော် ဆောင်ရွက်တော်မူခဲ့ကြရာ ယခုအခါ (၉၉) ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပေသည်။

မြို့နယ်သံဃနာယက (ရွှေကျင်) ဆရာတော်များအနေဖြင့် ရှေးဟောင်းယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းတိုင်ပင်လျက် စေတီတော်မြတ်ကြီးအား ကမ္ဘာ့ယဉ်ကျေးမှုသမိုင်းဝင် စေတီတော်မြတ်ကြီး ဖြစ်စေရန်နှင့် စေတီတော်

ဝန်းကျင်တွင် တူးဖော်ထားသည့် ၂၃၀ ပေ × ၂၃၀ ပေ ကျယ်ဝန်းသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာနယ်မြေကိုလည်း ယဉ်ကျေးမှု အမွေအနှစ်များ မပျက်စီးစေရန် အမိုးများ ဆောင်ရွက်လျက်ရှိပေသည်။ ယဉ်ကျေးမှုဝန်ကြီး၏ လျှောက်ထားမှုအရ ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်နိုင်ဖို့ ပြင်ဆင်မှုမှာ (၇၅) ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရပါသည်။ ထို့အတူ ယဉ်ကျေးမှုအမွေအနှစ်များ မပျက်စီးစေရေးအတွက် ကျပ်သိန်းလေးထောင်ကျော် ကုန်ကျမည့် အမိုးလုပ်ငန်းဆောင်ရွက်မှုမှာ (၇၅) ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သကဲ့သို့ ဦးအောင်မြင့် + ဒေါ်တင်ဆိုင်၊ ဦးစိုးရင် + ဒေါ်စန်းစန်းနှစ်ဖက်မိဘများကို အမှူးထားလျက် မန္တလေးမြို့နေ ဦးညီညီလွင် + ဒေါ်ခင်မျိုးမြတ်၊ (သား) မောင်အောင်ကျော်မင်း၊ (သမီး) မရတီမှူးခင် "ရတီမင်း" မိသားစုတို့၏ကုသိုလ် တမုတ်ရွှေဂူကြီး သမိုင်းပြတိုက်မှာလည်း ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပေသည်။

အမိုးလုပ်ငန်း ပင်မဆောင်အတွက် ပြင်ဦးလွင်မြို့ ဦးဇော်မင်းဦး + ဒေါ်မီမီထွေး၊ (သမီး) မမိုးပွင့်ဦး၊ မစပယ်ဦး၊ (သား) မောင်ဖြိုးသန့်ကို "ဇော်မင်းဦး ရွှေဆိုင်" မိသားစုမှ ကျပ်သိန်းခြောက်ရာ၊ ဒုတိယဆင့် အနောက်ဘက်အမိုးအတွက် မန္တလေးမြို့၊ မိခင်ကြီး ဒေါ်တင့်တင့်လှနှင့် သားသမီးများ ဖြစ်ကြသည့် ကိုထိန်ဝင်း+မသဇင်၊ (မြေး) မောင်စိုင်းမြတ်မင်းခန့်၊

ကိုဝေယံဦး + မအင်ကြွင်းခိုင် မိသားစုတို့က ကျပ်သိန်းသုံးရာ ငါးဆယ်၊ ဒုတိယဆင့် မြောက်ဘက်အမိုးအတွက် ကျောက်ဆည်မြို့ တံစိုးဂိတ်ရပ် ဦးစံမြင့် + ဒေါ်စောညွန့် သားသမီးများ ဖြစ်ကြသည့် ဦးမြင့်ဆွေ + ဒေါ်ဌေးဌေးရီ ဦးတင်စိုး + ဒေါ်ဌေးဌေးစီ၊ ဦးတင်မောင်စိုး + ဒေါ်ဌေးဌေးကြွယ်၊ ဦးကျော်ထွန်းဦး+ ဒေါ်ဌေးနွယ်စိုး၊ ဦးစိန်ဖေမြင့် + ဒေါ်စုမြတ်နိုး၊ ဦးစိုးမင်းထွန်း + ဒေါ်မီမီလင်း "စိန်ကမ္ဘာ" မိသားစုမှ အလှူငွေ ကျပ်သိန်းသုံးရာ ငါးဆယ် တာဝန်ယူ လှူဒါန်းထားကြပြီး ဒုတိယဆင့် အရှေ့ဘက်အမိုးအတွက် ကုသိုလ်ရှင် မရှိသေးကြောင်း၊ ပထမဆင့် အမိုးကိုမူ အများကောင်းမှုဖြင့် တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရပါသည်။

သူတော်စင်အပေါင်းတို့ ယခုအခါ ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော်ကြီး ဦးဆောင်သည့် ကျောက်ဆည်မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်) ဆရာတော်များသည် ၁၂၇၇ ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် စတင် ကျင်းပခဲ့သည့် တမုတ်ရွှေဂူဘုရားကြီး ကောက်ညှင်းဆွမ်း လောင်းလှူပွဲတော် ရာပြည့်အထိမ်းအမှတ်အဖြစ် ယခုလာမည့် ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး၏ နှစ်စဉ် ကျင်းပမြဲဖြစ်သည့် ကောက်ညှင်းဆွမ်း လောင်းလှူပွဲတော်အပြင် ဘုရားကြီး၏ ဂန္ဓကုဋိကျောင်းဆောင်တော်ဖွင့်ပွဲ၊

သမိုင်းပြတိုက်ဖွင့်ပွဲများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြုလုပ်သွားကြမည် ဖြစ်ပေသည်။

တမုတ်ရွှေဂူဘုရားကြီးနှင့် ပဋ္ဌာန်းဆက် မကင်းကြသည့် သူတော်စင် ဘုရားဒါယကာ-ဘုရားဒါယိကာမများ အနေဖြင့် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး၏ ရာပြည့်ပွဲတော်နှင့် အမိုး လုပ်ငန်း၊ ပရိဝုဏ် သန့်ရှင်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများတွင် တစ်ပိုင်တစ်နိုင် ကုသိုလ်များ ပွားများအားထုတ် ကုသိုလ်ယူလိုကြပါမူ အရှင်ပဏ္ဍိတ၊ အကျိုးတော်ဆောင်၊ မြို့နယ်သံဃ နာယကအဖွဲ့ (ရွှေကျင်)၊ ဖုန်း/ဝ၉-၂၀၁၂၁၂၂၊ ဝ၉-၇၈၉၁ဝ၆၁၆၂၊ ဒုတိယဗိုလ်မှူးကြီး သိန်းဌေး (ငြိမ်း)၊ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်ဂေါပကအဖွဲ့၊ ဖုန်း/ဝ၉-၇၉၂ဝ၃၂၉၅၇၊ ဦးသန်းထွန်း၊ ဒု-ဥက္ကဋ္ဌ၊ အလုပ် အမှုဆောင် ဂေါပကအဖွဲ့၊ ဖုန်း/ဝ၉-၇၇၉၆၅၂၃၄ဝ တို့ထံ ဆက်သွယ်လျက် ဗုဒ္ဓပူဇနိယ ကောင်းမှုကုသိုလ်များ တိုးပွား အောင် ကြိုးစားအားထုတ်နိုင်ကြစေဖို့ တိုက်တွန်းနှိုးဆော် လိုက်ရပေသည်။

**မန္တလေးနေ့စဉ် (၁၉-၁ဝ-၂ဝ၁၆)**

# (၇)

## တည်နေရာ

တမုတ်ရှင်ပင့်ရွှေဂူဘုရားကြီးသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်း တည်ရှိပြီး ကျောက်ဆည်မြို့၏ အနောက်ဘက် (၆) မိုင်ခန့်အကွာ ကျောက်ဆည်-တံတားဦး ကားလမ်း၏ တောင်ဘက်ကြောင်ပန်းကုန်း၊ ညောင်ပင်ဖောက်နှင့် ငယ်တိုးကျေးရွာတို့၏အလယ်တွင် တည်ရှိသည်။

## နောက်ခံသမိုင်း

ပုဂံခေတ် အနော်ရထာမင်းလက်ထက် ကျောက်ဆည်လွင်ပြင် လယ်တွင်း (၁၁) ရွာ၌ မင်းတရား တည်ထားပူဇော်ခဲ့သည့် မုဍ္ဍော ကိုးဆူ၊ ဆပ်သွား ကိုးဆူ၊ ဆည် ကိုးဆည်၊ ဂူကိုးလုံးအနက် ဂူကြီးကိုးလုံး (ခေါ်) ရွှေဂူဘုရားကိုးဆူတွင် တစ်ဆူအပါအဝင်ဖြစ်သည်။ မြေးတော် နရပတိစည်သူမင်းလက်ထက်တွင် ပျက်စီးယိုယွင်းနေသော မူလစေတီတော်ပုံ

အထွဋ်တင် တစ်ထပ်ဂူ ဘုရားငယ်ကို ကွမ်းတောင်ပေါက် နှစ်ထပ်ဂူဘုရားအဖြစ် ပြုပြင်ပြောင်းလဲခဲ့ပြီး လိုဏ်ဂူအတွင်း၌ ဆင်းတုတော် အကြီး၊ အငယ်များ၊ လိုဏ်ဂူအပြင်နံရံ၌ အလွန် အနုစိတ်လှသော ကနုတ်ပန်းများ၊ တိရစ္ဆာန်ရုပ်ပုံမျိုးစုံ၊ ကျေးငှက်ရုပ်ပုံမျိုးစုံ၊ လူ-နတ်-ဗြဟ္မာ ကိန္နရာ ကိန္နရီပေါင်းစုံ တို့၏ အရုပ်များဖြင့် အလှဆင်ခဲ့သည်။

သက္ကရာဇ် (၆၈၄) ခုနှစ်ဝန်းကျင် ပင်းယဥစ္စနာမင်း လက်ထက်တွင် စေတီတော်-သိမ်တော်-ဆင်းတုတော်များကို ထပ်မံလွှမ်းငုံ၍ ပုဂံစည်းခုံပုံတူ စေတီတော်အသစ် တည်ထား ပူဇော်ခဲ့သည်။ သက္ကရာဇ် (၇၁၈) ခုနှစ်တွင် ပင်းယ ဆင်ဖြူရှင် ကျော်စွာမင်း တမုတ်ရွှေဂူဘုရားကြီးဘုရားသို့ လာရောက်ပြီး ဘုရားဝတ္တကမြေများ၊ အမှုလုပ်ကျွန်များ လှူဒါန်းခဲ့ကြောင်းကို လည်း ပြတိုက်အတွင်း ပြသထားသည့် ကျောက်စာအရ သိရှိ ရသည်။ ခေတ်ကာလ ရွှေ့လျော၍ နောက်ပိုင်းတွင် ပြုပြင် ထိန်းသိမ်းမှု အားနည်းခြင်း၊ သဘာဝဘေးဒဏ်များ ထိတွေ့ ရခြင်းတို့ကြောင့် ပင်းယခေတ် စေတီတော်ကြီး ပြိုကျပျက်စီး၍ ဘုရားကုန်းတော်တစ်ခုလုံး တောချုံများ ဖုံးလွှမ်းသွားခဲ့သည်။

၁၂၇၇ ခုနှစ်တွင် ကြောင်ပန်းကုန်းကျေးရွာနေ ဦးစံထွား ဦးဆောင်လျက် ပြိုကျပျက်စီးနေသော ဘုရားကုန်းတော်ကြီး၏ ထိပ်တွင် ဉာဏ်တော်အမြင့် (၂၁) ပေရှိ စေတီငယ်တစ်ဆူကို အသစ်ထပ်မံ တည်ထား ပူဇော်ခဲ့ကြသည်။ ၁၃၅၁ ခုနှစ်တွင်

မြို့နယ်သံဃနာယက (ရွှေကျင်) ဆရာတော်များက ငွေတွင်းတူး တောရကျောင်းတိုက်မှ လက်ထောက်နာယကဆရာတော် အရှင်စန္ဒောဘာသကို တမုတ်ရွှေဂူကျောင်းဘုန်းကြီးအဖြစ် သတ်မှတ်၍ ဘုရားကြီး ပြုပြင်ရေးလုပ်ငန်းများကို စတင် အကောင်အထည် ဖော်ဆောင်ခဲ့ကြပြီး ၁၃၆၉ ခုနှစ်တွင် ဘုရားကြီး ဘက်စုံပြုပြင်နိုင်ရေးအတွက် အမှုဆောင်ဂေါပက အဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့လေသည်။

ယင်းဂေါပကအဖွဲ့၏ တင်ပြလျှောက်ထားမှုအရ ၁၃၇၀ ပြည့်နှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တမုတ်ရှင်ပင်ရွှေဂူ ဘုရားကြီး ရှေးမူမပျက် ပြန်လည်ပြုပြင်နိုင်ရေးအတွက် ခွင့်ပြု ပေးခဲ့သဖြင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည့်အခါ အင်္ဂတေ ပန်းတော့ အနုစိတ်လက်ရာများဖြင့် တန်ဆာဆင်ထား သော မြောက်ဘက်မျက်နှာလှည့် နှစ်ထပ် အတွင်းစေတီတော် ကြီးနှင့်အတူ အန္တဂူရုပ်ကြွဘုရား၊ အတွင်း အပြင်မှ ပုဂံခေတ် အင်္ဂတေ ပန်းတော့လက်ရာ ရုပ်ကြွဒီဇိုင်းများ၊ နံရံဆေးရေးပန်းချီ ကားများ၊ ဇာတ်တော်အမည် ရေးထိုးထားသည့် ငါးရာ့ငါးဆယ် ဇာတ်သရုပ်ဖော် ဖောင်းကြွရုပ်ပုံများ၊ ရုပ်ပွားတော်များ၊ မုခ်တံကဲ ကနုတ်ပန်းဒီဇိုင်းများ အဆင့်ဆင့် ပေါ်ထွက်လာခဲ့သည်။

၁၃၇၆ ခုနှစ် နတ်တော်လမှစ၍ ကျောက်ဆည် မဟာ ဂန္ဓာရုံဆရာတော်ကြီး ဦးဆောင်မှုလက်အောက်တွင် မြို့နယ် သံဃနာယက (ရွှေကျင်) ဆရာတော်များနှင့် အမှုဆောင်

ဂေါပကအဖွဲ့များက ရှေးဟောင်းပစ္စည်းများ ပြသနိုင်ရန် သမိုင်းပြတိုက်တည်ဆောက်ခြင်း၊ ရှေးဟောင်းလက်ရာများ မပျက်စီးစေရန် အမိုးတည်ဆောက်ခြင်းနှင့် အဝင်မုခ်ဦး၊ ဘုရားဖူးများ လွယ်ကူစွာသွားလာနိုင်စေရန် အသွားလမ်း၊ အပြန်လမ်းများ ဖောက်လုပ်နေသကဲ့သို့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများကလည်း စေတီတော်ကြီး၏ အနုစိတ် ပန်းလက်ရာများကို သမိုင်းဝင် စာရင်းတွင် ထည့်သွင်းသတ်မှတ်နိုင်စေဖို့ အသီးသီး ကြိုးစားလျက်ရှိကြသည်။

## လေ့လာဖွယ် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ

ကွမ်းတောင် စေတီတော်ကြီး၏ အတွင်းပိုင်းတွင် မဏ္ဍိုင်ကို နောက်မှီပြုလျက် ပုဂံခေတ်နှောင်းပိုင်း ၁၂ ရာစုခေတ်လက်ရာ အရှေ့ဘက်-အနောက်ဘက်တွင် သမာပတ် ဝင်စားတော်မူဟန် ဈာနမုဒြာ ဆင်းတုတော် နှစ်ဆူနှင့် တောင်ဘက်တွင် အနောက်ဘက်သို့ ဦးခေါင်းပြုလျက် လျောင်းတော်မူဟန် ဆင်းတုတော်၊ မြောက်ဘက်တွင် မဟာပထဝီမြေထုကို သက်သေတည်ဟန် ဘူမိဖဿ မုဒြာဆင်းတုတော်များကို မပျက်မစီး အကောင်းပကတိ လေ့လာနိုင်ပြီး အောက်ထပ်လိုဏ်ဂူအတွင်းတွင် ယင်းကဲ့သို့ ပုံစံတူ ဆင်းတုတော် လေးဆူကို ဖူးတွေ့လေ့လာနိုင်ကြပေသည်။

ထို့ပြင် အောက်ထပ်မှ ဆင်းတုတော်များမှာ အနည်းငယ်ပျက်စီးသဖြင့် ပြုပြင်ထားမှုရှိပုံ တွေ့ရသည်။ အပေါ်ထပ်

မြောက်ဘက်မုခ်အဝင် အရှေ့ဘက်-အနောက်ဘက် နံရံများ၌ ဈာနမုဒြာ ဆင်းတုတော်ငယ် (၂) ဆူ ပူဇော်ထားသကဲ့သို့ အောက်ထပ်အဝင် ထောင့်လေးထောင့်တွင် ဈာနမုဒြာ ဆင်းတုတော်ငယ် (၁၂) ဆူ ထည့်သွင်းပူဇော်ထားသည်ကို လေ့လာကြည့်ရှုနိုင်သည်။

စေတီတော်ကြီး၏ အနောက်မြောက်ထောင့် သိမ်တော်အတွင်းရှိ ဆင်းတုတော်များ၏ အောက်ခံပလ္လင်တော်များမှာ အထပ်သုံးထပ်ရှိပြီး အတွင်းဆုံးပလ္လင်တော် အထက်မှ ကြာမှောက်-ကြာလှန်များမှာ ပုဂံတောင်ပုံ လောကနာထဘုရား ပလ္လင်တော်နှင့် ပုံစံတူသည်ကို တွေ့ရသည်။ ပုဂံအနော်ရထာ မင်းလက်ထက်တော် ပုရုံစီပုံ စနစ်အတိုင်း အုတ်ကို ကြာဖတ်ပုံများ ထွင်းထုထားသည်။ ဆင်းတုတော်များမှာ ပျက်စီးယိုယွင်းနေ၍ မွမ်းမံပြုပြင်ထားဟန်ရှိသည်။ စေတီတော်၏ အရှေ့မြောက်ဘက် နောင်တော်ကြီးစေတီအတွင်း၌ ဗဟိုမဏ္ဍိုင်ကို နောက်မှီပြုထားသည့် ဆင်းတုတော်ကြီးမှာ ပျက်စီးသွားခဲ့၍ ပုဂံခေတ်ဦးလက်ရာ ပလ္လင်တော်ကိုမူ မူလအတိုင်း သုတေသီများ လေ့လာနိုင်သည်။ အဝင်ထောင့်လေးထောင့် နံရံများအတွင်းတွင် အနည်းငယ် ပြုပြင်ထားသော ဈာနမုဒြာ ဆင်းတုတော်ငယ်(၁၂)ဆူကိုလည်း လေ့လာဖူးတွေ့နိုင်သည်။

စေတီတော်ကြီး၏ အနောက်တောင်ဘက်တွင် ပင်းယ ဥစ္စနာမင်းကြီး၏ စည်းခုံပုံတူ လွှမ်းငုံစေတီ၏ ထက်ခြမ်းပိုင်းကို

လေ့လာနိုင်ပြီး ယင်းစေတီတော်ကြီး၏အောက်၌ ပုဂံခေတ် စေတီ၏ အတွင်းမဏ္ဍိုင်ကို ကျောချင်းကပ်မှီလျက် အတွင်း ပိုင်း၌ ပုဂံခေတ်လယ် ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း၊ ထီးလိုမင်းလိုမင်းတို့၏ ခေတ်လက်ရာများဖြင့်လည်းကောင်း၊ အပြင်ပိုင်း၌ ၁၃ ရာစု ခေတ်နှောင်းပိုင်းလက်ရာများဖြင့် လည်းကောင်း ဖူးတွေ့ရသည့် သုံးထပ်ဆင်းတုတော်၊ နှစ်ထပ် ဆင်းတုတော်များကို လေ့လာကြည်ညိုနိုင်သည်။

## အနုစိတ်လက်ရာ ကနုတ်ပန်းများ

ထူးခြား၍ အနုစိတ် အင်္ဂတေပန်းလက်ရာတို့ဖြင့် တန်ဆာဆင်သော (၅၅၀) နိပါတ် သရုပ်ဖော် ရုပ်ကြွ ကနုတ် ပန်းများ၊ မုခ်ဦးတံကဲများ၊ သစ်ပင်မျိုးစုံ၊ ပန်းမျိုးစုံ၊ တိရစ္ဆာန်မျိုးစုံ၊ လူ-နတ်-ဗြဟ္မာတို့၏ ရုပ်ကြွရုပ်ပုံများကို ကွမ်းတောင်ပေါက် နှစ်ထပ်စေတီတော်ကြီး၏ အပြင်နံရံ များမှာ ဖူးတွေ့ရသကဲ့သို့ အတွင်းနံရံ မျက်နှာကျက်များတွင်လည်း အနည်းအပါး ကျန်ရှိ နေသေးသည့် အနုစိတ် ပန်းချီလက်ရာများကို လေ့လာနိုင်ကြ မည် ဖြစ်သည်။

## မုခ်ဦးဝင်ပေါက်များ

တမုတ်ရွှေဂူဘုရားကြီးတွင် ပုဂံ နဂါးရုံ၊ အပယ်ရတနာ၊ နတ်ကြီးဂူ၊ ငါးမျက်နှာစေတီတို့တွင် တွေ့ရသည့် ၁၁ ရာစု နှောင်းပိုင်းခေတ် ထက်ဝက်ခြမ်းထက်ဝက် (Half circle) ပုံ

ဂုံးဝိုင်းမုခ်ဦးကို မူလအနော်ရထာမင်းကြီး ကုသိုလ်တော် တစ်ထပ်ဂူဘုရား၏ လက်ကျန်အပိုင်းဖြစ်သော စေတီတော်ကြီး၏ အောက်ထပ်တွင် လေ့လာနိုင်ပြီး အာနန္ဒာ၊ ကန်တော့ပလ္လင်၊ သဗ္ဗညု၊ ထီးလိုမင်းလို၊ စူဠာမဏိ စသော ဂူဘုရားများတွင် တွေ့ရသည့် ၁၂ ရာစု ခေတ်ထိပ်တွင် သပ် (Key stone) ပါသော ဂုံးချွန်းမုခ်ဦးနှင့် ပုဂံမြို့ ဆုတောင်းပြည့်အုတ်ကျောင်းတွင် တွေ့ရသည့် ချွန်းအထွင့်တွင် ကြွေကွေးမပါဘဲ 'တိမ်ညင်းပေါင်း' သစ်သားအဆောက်အုံ၏ အမွှမ်းပန်းများကဲ့သို့ အဖြောင့်ပြုလုပ်ထားသော ၁၂ ရာစုခေတ် မုခ်ဦးကိုပါ လေ့လာတွေ့ရှိနိုင်သည်။

## ယဉ်ကျေးမှု အမွေအနှစ်များ

စေတီတော်ကြီးဝန်းကျင်၌ အရှေ့တောင်၊ အရှေ့မြောက်၊ အနောက်တောင်ထောင့်များတွင် ပုဂံခေတ်ဦးလက်ရာ စေတီတော်များမှ ကြွင်းကျန်သည့် စေတီတော် အုတ်မြစ် သုံးဆူနှင့် အနောက်မြောက်ဘက်တွင် ပုဂံခေတ်ဦးပိုင်း စိမ်တော်ဟောင်း အုတ်မြစ်၊ ဝန်းကျင်ပတ်လည်တွင် ပုဂံခေတ်ဦးနှင့် ပျူယဉ်ကျေးမှု အုတ်ရိုးတန်းများ၊ အရိုးအိုးများနှင့် အနှစ်တစ်ထောင်ခန့် ရှေးဟောင်းရေတွင်းကို လေ့လာနိုင်ကြသကဲ့သို့ စေတီတော်ကြီး၏ အနောက်တောင်ထောင့်ရှိ သမိုင်းပြတိုက်တွင်လည်း အင်းဝခေတ် ဆင်ဖြူရှင် ကျော်စွာမင်းကျောက်စာ၊ အန္တဂူရုပ်ကြွ ရုပ်ပွားတော်၊ အုတ်ခွက်ဘုရားများ၊

သတ္တဌာန စံတော်မူပုံ ကြေးဆင်းတုတော်များ၊ ပရိသတ် ဆယ်ပါးနှင့် ရှေးဟောင်းကျောက်ဆင်းတုတော်များ၊ ရှေးခေတ် ဆေးတံများကိုပါ လေ့လာ သုတေသနပြုနိုင်ကြပေသည်။

**တိုက်တွန်းပါရစေ**

သူတော်စင်အပေါင်းတို့ ၁၂၇၇ ခုနှစ်၊ နတ်တော် လပြည့်နေ့မှစ၍ နှစ်စဉ်မပျက် ကျင်းပခဲ့သည့် တမုတ်ရှင်ပင် ရွှေဂူဘုရားကြီး၏ ကောက်ဦးဆွမ်းလောင်းပွဲတော်ကြီးသည် နှစ်တစ်ရာတင်းတင်း ပြည့်ခဲ့ပြီဖြစ်သကဲ့သို့ ကျောက်ဆည် မဟာဂန္ဓာရုံ ဆရာတော်ကြီး ဦးစီးကာ ဆောင်ရွက်နေသည့် ဂန္ဓကုဋိကျောင်းဆောင်တော်ကြီး အမိုးလုပ်ငန်း၊ သမိုင်းပြတိုက်၊ မုခ်ဦး၊ ဘုရားအဝင် အသွားလမ်း၊ အပြန်လမ်း ဖောက်လုပ်မှု စသည့် လုပ်ငန်းများမှာလည်း ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီ ဖြစ်ပေသည်။

ယခုအခါ ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော်ကြီး ၏ ဩဝါဒအရ ကျောက်ဆည်မြို့နယ်သံဃနာယက (ရွှေကျင်) ဆရာတော်များက ၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း (၁၄) ရက်နေ့ ညချမ်း (၇) နာရီအချိန်တွင် ရာပြည့်အကြို ဓမ္မသဘင် အဖြစ် ကျောက်ဆည် မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ တရားပွဲ ကျင်းပနိုင်ရေး၊ နတ်တော်လပြည့်နေ့တွင် ရာပြည့် အထိမ်း အမှတ်အဖြစ် နယ်မြေဒေသခံ သံဃာတော်အပါး (၂၅၀) တို့ဖြင့် ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခြင်း၊ ဂန္ဓကုဋိကျောင်း

ဆောင်တော်နှင့် သမိုင်းပြတိုက် ဖွင့်လှစ်ခြင်း၊ ကောက်ဦးဆွမ်းလောင်းလှူခြင်းများ ဆောင်ရွက်နိုင်ရေး၊ နတ်တော်လပြည့်ကျော် (၇) ရက်နေ့ ညချမ်း (၇) နာရီအချိန်တွင် ရာပြည့်အောင်ပွဲ မဏ္ဍပ်သဘင်အဖြစ် ကျေးဇူးရှင် သီတဂူဆရာတော်ကြီး၏ တရားပွဲကျင်းပနိုင်ရေးတို့အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိနေကြပေသည်။

တာမုတ်ရွှေဂူဘုရားကြီးနှင့် ပဋ္ဌာန်းဆက်မကင်းကြသည့် သူတော်စင် ဘုရားဒါယကာ၊ ဘုရားဒါယိကာမများအနေဖြင့် တာမုတ်ရွှေဂူဘုရားကြီး ကောက်ဦးဆွမ်းလောင်းပွဲတော် ရာပြည့် အခမ်းအနား၌ ရာပြည့် ဂန္ဓကုဋိကျောင်းတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ ရာပြည့်အကြို မဏ္ဍပ်သဘင်၊ ရာပြည့်အောင်ပွဲ မဏ္ဍပ်သဘင်များတွင်လည်းကောင်း၊ ကောက်ဦးဆွမ်းလောင်းပွဲ ရာပြည့် သံဃပူဇာ ပင့်သံဃာတော် (၂၅၀) တို့အား လှူဒါန်းပူဇော်ခြင်း လုပ်ငန်းများတွင်လည်းကောင်း ပါဝင်ကုသိုလ်ပြုလိုကြပါမူ မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်) အကျိုးဆောင်ဆရာတော် အရှင်ပဏ္ဍိတ ဖုန်း/၀၉-၂၀၁၂၁၂၂၊ ၀၉-၇၉၇၆၀၆၁၆၂ ထံ ဆက်သွယ်၍ ကုသိုလ်ပြုကြပါရန် တိုက်တွန်း နှိုးဆော်လိုက်ရပေသည်။

မန္တလေးနေ့စဉ် (၆-၁၂-၂၀၁၆)

မန္တလေးနေ့စဉ် (၆. ၁၂. ၂၀၁၆)

# တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး
# တူးဖော်တွေ့ရှိမှုများအရ
# ခေတ်ကာလအချိန်သတ်မှတ်ခြင်းနှင့်
# လေ့လာချက်တွေ့ရှိချက်များ

ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
မန္တလေးဌာနခွဲ
**ဒုတိယညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်း** ၏
စာတမ်းမှ ကူးယူဖော်ပြသည်။

# တမုတ်ရွှေဂူကြီးစေတီတော်အား တူးဖော်တွေ့ရှိမှုများအရ ခေတ်ကာလအချိန်သတ်မှတ်ခြင်းနှင့် လေ့လာတွေ့ရှိချက်များ

ပြည်တွင်းပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များသည် တမုတ်ရှင်ပင်ရွှေဂူကြီး စေတီတော်မြတ်အား တူးဖော်စဉ် တွေ့ရှိခဲ့ရသော ဗုဒ္ဓဆင်းတုတော်များ၊ သာသနိကအဆောက်အအုံများ၊ ဗိသုကာအနုပညာလက်ရာများ၊ ပန်းတော့လက်ရာများ၊ မြေထည်ပစ္စည်းများ၊ ကျောက်စာများအား ကြည့်ရှုလေ့လာ သုံးသပ်လျက်ရှိကြောင်း သိရပါသည်။ တမုတ်ရှင်ပင်ရွှေဂူကြီး စေတီတော်မြတ်တွင် ပုဂံခေတ်သည် ယဉ်ကျေးမှုနယ်ပယ်တစ်ခုလုံးကို ကိုယ်စားပြုသော ယဉ်ကျေးမှုအမွေအနှစ်များအား ကြည့်ရှုလေ့လာနိုင်ကြောင်း တင်ပြလိုပါသည်။ တမုတ်ရှင်ပင်ရွှေဂူကြီး စေတီတော်သည် ပုဂံခေတ် အေဒီ ၁၁-ရာစု၊ ၁၂-ရာစု၊ ၁၃-ရာစု၊ ပင်းယခေတ် ၁၄-ရာစုအတွင်း ရှေးဟောင်းယဉ်ကျေးမှုအနုဗိသုကာ လက်ရာများဖြစ်ကြောင်း ၎င်းခေတ်များအခြားယဉ်ကျေးမှုအနုဗိသုကာလက်ရာများဖြင့် နှိုင်းယှဉ်လေ့လာ တင်ပြနိုင်ပါသည်။

## ၆-၁။ ဗုဒ္ဓဆင်းတုတော်များ

တမုတ်ရှင်ပင်ရွှေဂူကြီး စေတီတော်အား တူးဖော်ခဲ့ရာတွင် စေတီတော်ကြီး၏ အနောက်တောင်ထောင့်ရှိ ဂူဘုရားဟု ယူဆရသော ဆင်းတုတော်နှစ်ဆူတို့မှာလည်း ပလ္လင်သုံးဆင့်စီ ပါရှိသည့်အပြင် မျက်နှာတော်များမှာ အကောင်းနီးပါး ကျန်ရှိနေသေးသဖြင့် ခေတ်ကို အလွယ်တကူ နီးကပ်စွာ ခိုင်းယှဉ်လေ့လာ ခန့်မှန်းနိုင်ပါသည်။

အနောက်မျက်နှာလှည့် ဆင်းတုတော်အငယ်မှာ ကေတုမာလာ ရောင်လျှံတော်မပါဘဲ ပြောင်ချောဆံတော် အရ ၁၃-ရာစု လက်ရာဖြစ်သော်လည်း နှာခေါင်းတော်နှင့် မေးတော်မှာ ရှေ့သို့ ချွန်းနေခြင်း၊ နှုတ်ခမ်းတော်မှာ ပါး၍ အလျားရှည်ပြီး အောက်နှုတ်ခမ်းတော်မှာ ထူ၍ အလျားတိုသည်။ ပြုံးယောင်သန်းသည့် အနေအထား ဖူးတွေ့ရသဖြင့် ပုဂံရှိ ဘုရားအမှတ် (၁၆၈၆)၊ ဘုရားအမှတ် (၃၂၆) နှင့် စိမ်းညက်ညီအစ်မဘုရား၏ မုခ်ကပ်တွင်းရှိ ဆင်းတုတော်များနှင့် မျက်နှာတော်တူညီပါသည်။

အရှေ့မျက်နှာလှည့် ဆင်းတုတော်အကြီးမှာမူ အနော်ရထာ၏ ကုသိုလ်ဖြစ်ပြီး အိန္ဒိယနိုင်ငံရှိ ဂုပ္တခေတ်လက်ရာများနှင့် တွေ့မြင်ရပါသည်။ ဂုပ္တဟန်လက်ရာများမှာ-

(က) မျက်နှာတော်လေးထောင့်ကျသည်။

(ခ) မျက်ခုံး၊ မျက်လုံး၊ ပါးစပ်၊ မျဉ်းဖြောင့်သည်။
(ဂ) အောက်နှုတ်ခမ်းတော်သည် ခွေးတောက်သီး ပုံပေါ်သည်။
(ဃ) ဆံတော်တွင် ခရုပတ်ခွေများပါသည်။
(င) မျက်ကွင်းတော် ပေါ်လွင်ပါသည်။

ဇင်းဆင်းတုတော်ကြီးမှာ ၁၁-ရာစု နှောင်းပိုင်းလက်ရာဖြစ်ပြီး မြေမီးဖုတ်ပိန္နဲတူးဆံတော်များ ပါရှိပါသည်။ ထိုဆင်းတုကို နှောင်းပိုင်းခေတ် (၁၃-ရာစုခန့်)၌ ထပ်ပိုး၍ ပြုပြင်ခဲ့ကြောင်းလည်း အပေါ်လွှာအင်္ဂတေများကို တွေ့ရှိရသည့်အပြင် ထိုခေတ်၌ ဆံတော်ကို သဘာဝခရုချွန်ငယ်များဖြင့် စိုက်ထောင်ထားခြင်းကို ထူးခြားစွာတွေ့ရပါသည်။

ပုဂံခေတ်ဆင်းတုများသည် ပါလခေတ် ၁၀-၁၁-ရာစုနှစ် လက်ရာနှင့် နီးစပ်သည်။ လုံးဝ အတုယူပုံတူပြုလုပ်ထားခြင်းမဟုတ်ပါ။ မြန်မာမှုပြုကာ ၁၃-ရာစုနှစ် ခေတ်ရှေ့ပြေးမြန်မာပုံများအဖြစ် ထုလုပ်ထားသည်။ ဦးခေါင်းတော် ရှေ့သို့ အနည်းငယ်စိုက်နေခြင်းနှင့် ပခုံးလျှောကျနေခြင်းတို့မှာ ခေတ်သစ်မြန်မာပုံများအဖြစ် သိသာနိုင်ပါသည်။

ပုဂံခေတ်တွင် ပါလိလေယျကတော၌ သီတင်းသုံးပုံနှင့် ပုံစံတူပါသည်။ ပုဂံခေတ်တစ်ဝက်ထိုင် ဆင်းတုများသည် ခြေတော်ရှေ့တည့်တည့်ဖြစ်သည်။ ပုဂံခေတ် ဗုဒ္ဓဆင်းတု

ခြေတော်များတွင် ၁၁-ရာစု၌ မတ်ရပ်ဆင်းတုတို့၏ ခြေတော်များသည် လူသာမန်ခြေဖမိုးများထက် ဖောင်းပြည့်နေ၏။ ဤတွင် ဗုဒ္ဓတို့၌ရှိအပ်သော အဖြိုး ၇ ပါးကို သတိရမိပါသည်။ ဗုဒ္ဓ၌ ဖမိုးတော်နှစ်ဖက်၊ ပခုံးတော်နှစ်ဖက်၊ မျက်မိုးနှစ်ဖက်နှင့် လည်ကုပ်တော်ဟူသော ၇ နေရာတို့၌ ပြည့်ဖြိုးရမည်ဖြစ်သည်။ ပုဂံခေတ် ဒေသစာရီကြွချီပုံတွင် ခြေတော်လှမ်းကြွနေခြင်း မရှိပါ။ ခြေဖဝါးကို ၄၅ ဒီဂရီစောင်း၍ ကိုယ်နေဟန်ထားကို တစ်ဆစ်ချိုး (သမဘင်္ဂ) ပုံစံ ရပ်ပြထားခြင်းမျိုးသာရှိသည်။ ယိုးဒယားမှ ဒေသစာရီ ကြွချီဟန်ရုပ်သည် ခြေတစ်ဖက်လှမ်းနေသည့် ပုံစံ ထုလုပ်ထားသည်။ ဘယ်ခြေတစ်ဖက်နောက်ရောက်ပြီး လှမ်းနေပုံဖြစ်သည်။ ထိုင်းတို့၏ ၁၂-ရာစု ဗုဒ္ဓရုပ်ပွားတော်များ၏ အဓိကလက်ရာမှာ ဆံတော်ရစ်ခွေနေပုံ လွန်စွာကြီးမားခြင်း၊ မျက်နှာတော်မှာ ချွန်ချွန်လုံးလုံးရှိခြင်း၊ မျက်ခွံတော်မို့မောက်ခြင်း၊ မျက်ခုံးတော်မှာ နှာခေါင်းတော်အထက်တွင် တင့်တယ်စွာရှိခြင်း၊ သင်္ကန်းတော် ဝတ်ရုံထားပုံ ဖော်ပြမှုမှာ stylized ဖြစ်သောကြောင့် ကိုယ်ခန္ဓာ၏ အချိုးကျနမှု၊ ပြေပြစ်မှု ပေါ်လွင်ခြင်းများရှိသည်။ ထိုရုပ်တုလက်ရာဟန်များကို အိန္ဒိယပြည် ဂုပ္တခေတ်ထုလုပ်မှုပုံသဏ္ဌာန်နှင့် များစွာတူသည်။ တင်ပျဉ်ခွေ ထိုင်ရာတွင် ညာခြေဖျားသည် အပေါ်တင်ပြီး ဘယ်ခြေဖျားသည်သည် ညာဘက်ပေါင်

တော်၏အောက်သို့ ထိုးသွင်းဖိထိုင်ထားသဖြင့် ဘယ်ခြေများကို လုံးဝမတွေ့ရပါ။ ၁၂-ရာစုနှစ်၊ ပုဂံခေတ် ခြေတော်များမှာ ခါးနှင့် ခြေထောက်အနေအထားတို့သည် ၁၁-ရာစုနှစ် ဆင်းတုတို့ထက် တုတ်ခိုင်သည့်သဘော ဆောင်လာကြသည်။ မတ်ရပ်ဆင်းတုတော်များ၊ တင်ပျဉ်ခွေရိုးရိုးပုံစံနှင့်ဈာနာသန ဖော်ပြထားသော တင်ပျဉ်ခွေများတွေ့ရပါသည်။၁၃-ရာစုနှစ် တွင်မတ်ရပ်ဆင်းတု၌ခြေဟန်သည်တုတ်ခိုင်ဖြောင့်တန်း၏။ ပန်းချီဆွဲဆင်းတုတွင် မတ်ရပ်ပုံသည် နွဲ့နှောင်းလာကာ တစ်ဆစ်ချိုးပုံစံများ ဖြစ်လာသည်။ ဘေးစောင်း အနေအထား ပြထားသည်။ တင်ပျဉ်ခွေရိုးရိုးပုံစံနှင့် ဈာနာသနပုံစံ တင်ပျဉ်ခွေတို့ကို တွေ့ရသည်။ လျောင်းတော်ဆင်းတုတွင် ခြေတော်သည် ညာခြေပေါ်တွင် ဘယ်ခြေထပ်တင်ထားကာ ဘေးစောင်း အနေအထားပုံစံနှင့် ပက်လက်လှန်ခြေဆင်း ထားသော ပုံစံတို့ကို တွေ့ရသည်။ ဘေးစောင်းအနေအထားပြ ဆင်းတုတွင် ပေါင်ရင်းသည် အောက်ဖက်နိမ့်ပြီး ခြေဖျားပိုင်းက အပေါ်ဘက် မြင့်တက်နေ၏။ ဆင်းတုတို့တွင် ပခုံးတော်မှာ ကျယ်ဝန်းပြီး ရင်သားတော်များ မို့မောက်ပြည့်တင်းကာ ခါးတော်သေးသွယ်ကျဉ်းမြောင်းသွားသဖြင့် ခြင်္သေ့မင်း၏ ကိုယ်ဟန်နှင့်တူသောကြောင့် သကျသီဟပုံတော်ဟု ဆိုနိုင် ပါသည်။ ဤကိုယ်နေဟန်ထားမျိုးသည်လည်း ပုဂံခေတ်

ရုပ်ပွားတော်များ၏ ထူးခြားချက်တစ်ရပ် ဖြစ်ပါသည်။ ကုန်းဘောင်ခေတ်တွင် ဤသို့ ခါးသေးသည့်ကိုယ်လုံးပုံစံမျိုး မထုကြပါ။ ရှေးဘုရားများစွာသော ဗားကရာမြသိန်းတန် ဆရာတော်ကြီးက ရှေးဘုရားများသည် ခါးသိမ်လွန်း၍ ရွှေမချမီ သစ်စေးသရိုးနှင့် ခါးကိုဖြည့်ကာ ခါးတုတ်ရန် လုပ်သည်ဟု ဆိုသည်။ ရုပ်တော်မူ၏ မဏိတော်အလယ်မှ ချက်တော်အလယ်ကို ဖြတ်သန်းပြီး ဖနောင့်နှစ်ခုကြား အလယ်သို့ သုတြာကြိုးဟုခေါ်သော မျဉ်းဖြောင့်ကြိုးကို ဆွဲကြည့်ပါက ရုပ်ပွားတော်၏ တစ်ဖက်တစ်ခြမ်းစီသည် ညီမျှနေသည်။ နှစ်ဆစ်ချိုး(အာဘင်္ဂ)နှင့် သုံးဆစ်ချိုး(တြိဘင်္ဂ) တို့သည်လည်း ဤသို့ပင် မှန်းဆသတ်မှတ်ရသည်။

သင်္ကန်းတော်အထက်ပိုင်း၊ သင်္ကန်းရုံထားပုံမှာ ရင်ဘတ်အထက်နား လည်ပင်းအနီးတစ်ဝိုက်တွင် အဝိုင်းရစ်သဏ္ဌာန် ပေါ်နေသည်။ သင်္ကန်းတင်ထားပုံမှာ ညာတင်နှင့် ဘယ်တင်ဟူ၍ နှစ်မျိုးရှိသည်။ ညာတင်မှာ ညာဘက်ပခုံးမှသည် ဘယ်ဘက်ချိုင်းအောက်သို့ စလွယ်သိုင်းသဏ္ဌာန် အရစ်သဏ္ဌာန် ပေါ်နေသည်။ ဘယ်ဘက်နို့သီးပေါ်နေ၏။ ဘယ်တင်ဟူသည်မှာ နှစ်မျိုးရှိသည်။ ဘယ်ဘက်ပခုံးမှသည် ညာဘက်ချိုင်းအောက်သို့ စလွယ်သိုင်းသဏ္ဌာန် အရစ်သဏ္ဌာန် ပေါ်နေသည်။ ညာဘက်နို့သီးပေါ်နေ၏။ ကုန်းဘောင်ခေတ်

ဆင်းတုများ၏ သက်န်းတင်ပုံမှာ နို့သီးတော်နှစ်ဖက်စလုံး ဖုံးကွယ်ထားသည်။ ဝမ်းဗိုက်တော်နေရာတွင်လည်း သင်္ကန်း တော် Stylized-16 ဖြစ်သောကြောင့် ချက်အရာမှာ အတိုင်းသား ပေါ်လွင်နေသည်။ ကုန်းဘောင်ခေတ် ဆင်းတု တို့၌ ဝမ်းဗိုက်တော်နေရာတွင် ချက်အရာ ချိုင့်ဝင်နေခြင်း မရှိပါ။ ချက်အောက်နားမှ ဗိုက်ခေါက်ထူကလေး ထွက်အိကျ နေပုံမှာ ပုဂံခေတ်ပုံတော်များ၏ ထူးခြားချက်တစ်ရပ်ဖြစ်သည်။ နောက်ပိုင်းခေတ်လက်ရာများတွင် ဗိုက်သားတော်စူထွက် နေခြင်းမရှိပါ။ ပုဂံခေတ်လက်ရာနှင့် အခြားလက်ရာဟု ခွဲခြား ရာ၌ ဤဗိုက်သားစူထွက်နေသည်ကို ပုဂံခေတ်လက်ရာဟု ရွေးလျှင် မမှားနိုင်သော အဓိကအချက်ဖြစ်သည်။ ဗုဒ္ဓ၏ အသက် ၄၀ ကျော် ၅၀ နားနီးမှထုသည့် ပုံဖြစ်မည်။ အသက် ကြီး၍ အသားအရည်ပျော့တွဲကာ အရစ်သဏ္ဍာန် ပေါ်လာခြင်း ဖြစ်သည်။ လက်ကောက်ဝတ်နေရာတွင် သင်္ကန်းခေါက်ရိုး၊ ခေါက်လုံးအရာ၊ အရစ်တစ်ကြောင်းသာ ဖော်ပြထားသည်။ အတွန့်ရာများ ဖော်ပြထားခြင်း မရှိပါ။

ပုဂံခေတ်တွင်မူ သစ်သား၊ ကျောက်တို့ဖြင့်ထုသော ဆင်းတုတို့၌ သင်္ကန်းတော်သား အတွန့်ရာများ လုံးဝမရှိပါ။ ကြေးနှင့်ထုသော ဆင်းတုတို့၌သာလျှင် သင်္ကန်းတော် အနားသား အတွန့်ရာအနည်းငယ် ပါဝင်လာ၏။ အာနန္ဒာရှိ

သစ်သား၊ ကျောက်တို့ဖြင့် ထုထားသော ဆင်းတုများ၏ သင်္ကန်းတော်အနားသား၌ အတွန့်အရာ အနည်းငယ်ပါဝင်နေခြင်းသည် ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက် ထပ်မံပြင်ဆင်မှုများပြုလုပ်ချိန်တွင် ဖြည့်စွက်ထားခြင်း ဖြစ်နိုင်ပါသည်။ သင်္ကန်းတော်မှာ နည်းစံနစ်တကျ stylized ဖြစ်၍ ပေါင်၊ ခြေသလုံးတို့သည် ပကတိအတိုင်း ပေါ်လွင်နေသည်။ ဤကဲ့သို့ သင်္ကန်းတော် နည်းစံနစ်တကျ stylized ဖြစ်ခြင်းသည် ပုဂံခေတ်ဆင်းတုတို့၌ တူညီမှုရှိ၏။ ကုန်းဘောင်ခေတ်တွင်မူ သင်္ကန်းတော်တို့မှာ သဘာဝကျကျ (Realistic) အတင်၊ အကျ၊ အဆင်း ပုံစံမျိုး ဖြစ်လာသည်။ အသေးစိတ်ဆွဲယူမှုမျိုး ဖြစ်လာသည်။ အတွန့်ရာ များလာသည်။ အလှဆင်မှု များလာသည်။

ပုဂံခေတ်မတ်ရပ်တော်တွင်မူ သင်္ကန်းလှပမှုကို ဦးစားမပေးသည့်အပြင် သင်္ကန်းတော် ပါးလွန်းသောကြောင့် ခြေတော်တွင် ပေါင်၊ ခြေသလုံးတို့ အတိုင်းသားပေါ်လွင်စွာမြင်ရပါသည်။ ထိုင်တော်မူဆင်းတုတွင် ခြေချင်းဝတ်၌သာ သင်္ကန်းခေါက်ရိုး၊ ခေါက်ရစ်အရာကလေး တွေ့ရ၏။ ပန်းချီဆွဲဗုဒ္ဓပုံတော်တို့၌ သင်္ကန်းတော်လှပမှု အတွန့်အရာများကို ဆင်းတုတို့မှာထက် ပို၍ ထည့်သွင်းဖော်ပြထားပါသည်။ ၁၁-ရာစုနှစ်တွင် သင်္ကန်းရုံထားခြင်း အတွေ့များ၍ ၁၃-ရာစုနှစ်တွင်

သက်န်းတင်ထားခြင်း အတွေ့များပါသည်။ ပုဂံခေတ်ဆင်းတုတော်များတွင် ဘုရားဘေးမှ ခြွေရံထားသော အနုလက်ရာများစွာရှိပါသည်။ ဘုရားအနောက်တံကဲ၌ ဟင်္သာနှစ်ကောင်ပါသော သစ်ခက်သစ်ရွက်တို့ဖြင့် တန်ဆာဆင်ထားသည့် ခုံအဝိုင်းကြီးအား တွေ့ရပါသည်။ ဘုရား၏ဘေး နောက်ဘက်နား၌ ရဟန္တာနှစ်ပါး ဘုရားအား ရှိခိုးဖူးမြော်နေသည်။

ဇမ္ဗူဒီပ(အိန္ဒိယ)တွင် ကုသျှန်မင်းများ အုပ်စိုးခဲ့ပြီးနောက် ဂုပ္တမင်းများက အေဒီ ၃၂၀ မှ ၆၀၀ ခုနှစ်လောက်အထိ စိုးစံခဲ့ပါသည်။ ထိုဂုပ္တမင်းများခေတ် ရုပ်ပွားတော်ထုလုပ်မှုစနစ်သည် ယခင်နှင့် မတူတော့ပေ။ အိန္ဒိယအသွင်သဏ္ဌာန် ဆန်လာသည်။ အေဒီ ၄၄၈ လောက်တွင် ထုလုပ်သော မန်ကုဝါ ရုပ်တုများ (Mankuwar Image) မှာ ထူးခြားလှ၏။ ဦးခေါင်းတော်မှာ ဦးပြည်းပုံဖြစ်သည်။

အိန္ဒိယဗုဒ္ဓဘာသာအနုပညာသည် တောင်ပိုင်းအမရဝတီနှင့် အန္ဒြခေတ်နှောင်း အနုပညာရှင်များမှတစ်ဆင့် သီဟိုဠ်သို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။ ရုဝနေဝလီ (Ruwa Newli Dagoba) တစ်ဝိုက်တွင် ကျောက်ဆင်းတု၊ ကြေးဆင်းတုမျိုးစုံ တွေ့ရကြောင်း၊ ကျောက်ဆင်းတု(ကျောက်စိမ်း)တစ်ဆူကို သီဟိုဠ်ဘုရင်က တရုတ်တို့အားလက်ဆောင်ပေးခဲ့ကြောင်း၊ ဘာသာကွဲ တမီးလ်(Tamil)တို့ ဝင်ရောက်တိုက်ခိုက်မှ ဗုဒ္ဓဘာသာ မှေးမှိန်

သွားခဲ့ကြောင်း သီဟိုဠ်ရာဇဝင်သမိုင်း၌ တွေ့ရှိရသည်။

ပုဂံရုပ်ပွားတော်များမှာ နှာခေါင်းချွန်၍ လည်တိုင်ရှည်သည်။ မေးရိုးလည်းချွန်ကာ လက်ရုံးတော်ကြီးထွားပါသည်။ ရင်အုပ်ကား၍ ခါးသေး၏။ နားရွက်တော် မတိုမရှည်ဖြစ်သည်။ လက်ချောင်းများကို တစ်ညီတည်းမထုဘဲ ပကတိလူလက်မျိုး အတိုအရှည်ထုဆစ်သည်။ ထေရဝါဒရောက်လာသောအခါ ပုံတော်များ၏ မျက်နှာမှာ ပြားပြီး နှာယောင်နိမ့်လာသည်။ မေးရိုးကား၍ ရင်ခေါင်းကြီးသည်။ လည်တိုင်တို၏။ လက်ရုံးတော်မှာ ပြေပြစ်ကာ ဆင်နှာမောင်းနှင့်ဆင်သည်။ သင်္ကန်းတော်ပါးသော်လည်း ထပ်တွန့်များထည့်မထား။ ပုဂံခေတ်ဦးကဲ့သို့ မဟုတ်တော့ဘဲ နားရွက်တော်မှာ ပခုံးစွန်းထိရှည်လျားလာသည်။ မဟာပုရိသ လက္ခဏာ ၃၂ ပါးနှင့်ညီအောင် ထုလုပ်လာကြပါသည်။

ပုဂံခေတ်လက်ရာ ဗုဒ္ဓဆင်းတုတော်များ၏ ဆံတော်များသည် ၁၁-ရာစုတွင် အဝိုင်းအစက်များပါ၏။ အိန္ဒိယ ၇-၈-ရာစုနှစ် လက်ရာများနှင့် တူသည်။ ၁၂-ရာစုတွင် အဝိုင်းအစက်နှင့် အမဲပြောင်ချော ရောထွေးလာသည်။ ၁၃-ရာစုတွင် အမဲပြောင်ချောများ အများအပြားရှိပါသည်။

ဋင်းဆင်းတုတော်ကြီးမှာ ၁၁-ရာစုနှောင်းပိုင်း လက်ရာဖြစ်ပြီး မြေမီးဖုတ်ပိန္နဲဆူးဆံတော်များ ပါရှိပါသည်။ ထိုဆင်းတုကို

န္မောင်းခေတ်ပိုင်း (၁၃-ရာစုနှစ်ခန့်)၌ ထပ်ပိုး၍ ပြုပြင်ခဲ့ကြောင်းလည်း အပေါ် လွှာအင်္ဂတေများ တွေ့ရှိရသည့်အပြင် ထိုခေတ်၌ ဆံတော်ကို သဘာဝခရုချွန်ငယ်များဖြင့် စိုက်ထောင်ထားခြင်းကို ထူးခြားစွာ တွေ့ရပါသည်။

ဆင်းတုတော်ကြီး၏ အောက်၌ မြေမီးဖုတ်ခရုခွေဆံတော်များနှင့် အိန္ဒိယနိုင်ငံ ပါလခေတ်လက်ရာ ၁၂-ရာစုအဦးပိုင်းလက်ရာများပါသော မျက်နှာတော်အား ဖူးတွေ့ရခြင်း၊ ထိုဆင်းတုတော်အောက်ပိုင်း၌ ပို၍စောသော ဆင်းတုတစ်ဆူတင်ပျဉ်ခွေအပိုင်းများကို တွေ့မြင်ရခြင်းတို့ကြောင့် စေတီကြီး၏ အနောက်တောင်ထောင့်ရှိ ဂူဘုရားငယ်အတွင်းမှ ဆင်းတုတော်များသည်-

- အနော်ရထာမင်းကြီးလက်ထက် ၁၁-ရာစုဦး
- ထို့နောက် ၁၂-ရာစု ပုဂံခေတ်လယ် (ကျန်စစ်မင်းလက်ထက်)
- ၁၃-ရာစုဦး ပုဂံခေတ်နှောင်း (အလောင်းစည်သူမင်းလက်ထက်) တို့တွင် ခေတ်အဆက်ဆက်၌ လွှမ်းငုံ

တည်ထားခဲ့ကြသဖြင့် ဤအဆောက်အအုံမှာ "ရှင်ပင်ရွှေဂူကြီးစေတီတော်"သည် အနော်ရထာမင်းမြတ်၏ ကုသိုလ်တော် "တမုတ်ရွှေဂူကြီးစေတီတော်"ဖြစ်ကြောင်း ဖော်ပြနေပါသည်။ သက်သေပြနေခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၆-၁-၁။ စေတီတော်ကြီး၏ အနောက်မြောက်ထောင့်ရှိ ဆင်းတုတော်သုံးဆူ

တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်၏ အနောက်မြောက်ထောင့်ရှိ ဆင်းတုတော်များ၏ ပလ္လင်တော်ကို အသေးစိတ် တူးဖော်ရာတွင် ပလ္လင်တော်မှာ အထပ်သုံးထပ်ရှိကြောင်း တွေ့ရပါသည်။

အတွင်းဆုံးအထပ်မှ ပလ္လင်တော်ထက်ရှိ ကြာမှောက်ကြာလှန်ပလ္လင်တော်မှာ ပုဂံအနော်ရထာမင်း၏ လက်ထက်တော် ပန်းရံစီပုံစနစ်အတိုင်း အုတ်ကို ကြာဖတ်ပုံများထွင်းထု၍ စီထားသည်ကိုလည်း တွေ့ရှိရပါသည်။ ပုဂံရှိ အနော်ရထာမင်း၏ လက်ထက်တော်ဖြစ်သော တောင်ပုံလောကနာထဘုရားပလ္လင်တော်နှင့် ပုံစံတူပါသည်။

၎င်းဆင်းတုတော်သုံးဆူတွဲအခြေမှ ခရုချွန်ပုံ မြေမီးဖုတ်ဆံတော်များ တွေ့ရှိရပါသည်။ တကောင်းစည်းခုံဝန်းကျင်ရှိ အနော်ရထာမင်းမြတ် ပြုပြင်တည်ထားခဲ့သော အင်္ဂတေဆင်းတုတော်ကြီးများတွင် ခရုပုံမြေမီးဖုတ်ဆံတော်များ စိုက်ထားပြုလုပ်ခဲ့ခြင်းနှင့် တူညီနေကြောင်း တွေ့ရပါသည်။ ၎င်းဆင်းတုတော်များအခြေမှ ရရှိခဲ့သော အိုးခြမ်းကွဲပုံစံများသည် အဖြူရောင်ဆေးရေးပါ အနီရောင် အရောင်တင်ထားသော အိုးခြမ်းကွဲပုံစံများလည်း ဖြစ်ပါသည်။ ၎င်းအိုးခြမ်းကွဲ

ပုံစံမျိုးသည် ပုဂံမြို့ဟောင်း အနော်ရထာမင်းကြီး နန်းတော်ရာ တူးဖော်မှု အောက်ဆုံးမြေလွှာ (Earliest Humidlayer) မှ ရရှိသော အိုးခြမ်းကွဲပုံစံနှင့် တူညီနေပါသည်။

တမုတ်ရှင်ရွှေဂူကြီးစေတီတော်မြတ်သည် အနော်ရထာမင်းမြတ်လက်ထက် ကုသိုလ်တော်ဘုရားတစ်ဆူဖြစ်ကြောင်း အထင်ရှားဆုံးအချက်မှာ ဆင်းတုတော်ကြီး ရှေ့တော်မှ ရွှေးဟောင်းအုတ်ခွက်လေးမျိုး ရရှိခဲ့ပါသည်။ အားလုံးသည် ကျောက်စာဝန်ဟောင်း ဦးမြ၏ ရှေးဟောင်းအုတ်ခွက်ရုပ်ပွား ဆင်းတုတော်များစာအုပ်ပါ ဖော်ပြချက်များ၊ ရှေးဟောင်းသုတေသနအရာထမ်း ဦးဗိုကေ၏ ဆောင်းပါးများပါ ဖော်ပြချက်တို့ကြောင့် ပုဂံခေတ်ဦး အနော်ရထာမင်းကြီးလက်ထက်တော်က ကလံသံဗျင်မင်းမှုထမ်းအမတ်များ လှူဒါန်းပူဇော်ခဲ့သော အုတ်ခွက်များနှင့် ပုံစံတူညီနေကြောင်း တွေ့ရပါသည်။

ဗုဒ္ဓကိုယ်ပွားတော်သည် ကြာပလ္လင်ပေါ်တွင် စျာနာသနဆိုသော စျာန်သမာပတ် ဝင်စားသည့်အခါ ထိုင်ပုံမျိုး၊ ခြေဖဝါးကို အပေါ်လှန်ပြီး ခြေနှစ်ချောင်းချိတ် ထိုင်ထားပါသည်။ လက်တော်မှာ ဘူမိဖဿမုဒြာခေါ်သော မြေကြီးကိုသက်သေတည်ရန် ညာလက်တော် မြေထိထားသည့်ဟန်ဖြစ်သည်။ အဖျားနှစ်ဖက်ချွန်းသွားသော သစ်စေ့သဏ္ဍာန်ရှိသည့် မျက်လုံးတော်နှစ်လုံးသည် ရှေ့တည့်တည့်ကို စူးစူး

ကြည့်ထားပါသည်။ နှာခေါင်းတော်ချွန်းပြီး ပေါ်ပေါ်လွင်လွင် ရှိသည်။ နှုတ်ခမ်းတော်သည် နည်းနည်းပြုံးသလိုရှိ၍ မျက်နှာတော် တည်သည်ဟု မပြောနိုင်ပါ။ ညာလက်တော်ဆန့်တန်းထားပေမယ့် တံတောင်မှာ အနည်းငယ် ကွေးထားပါသည်။ လက်ချောင်းတော်များသည် ပကတိလူများ၏ လက်ကဲ့သို့ အတိုအရှည် ရှိနေကြပါသည်။ ဘယ်လက်တော်သည် ခြေဖဝါးနှစ်စုံကြားမှာ ဖြန့်ထားပါသည်။ မျက်မှောင်တော်ကြားက ဥဏ္ဏာမှ အဖုအစက်ကလေးသာ တွေ့ရသည်။ ဥဏှိသကို ဦးခေါင်းတော်ပေါ်က နောက်ထပ်အလုံးတစ်လုံး ထည့်ထားသည်။ ၎င်းစုတက်လာသည်မှာလည်း အားလုံး အလယ်တည့်တည့်ကမဟုတ်ဘဲ နောက်ဘက်ကျကျမှ စုတက်သွားခြင်းမျိုး ဖြစ်ပါသည်။ နဖူးတော်ကျယ်သည်၊ မြင့်သည်။ လည်တိုင်တော် သေးသွယ်သည်။ ကိုယ်လုံးတော်က ခြသေ့်မင်းရင်အုံကဲ့သို့ ဖြိုးမောက်ပါသည်။ ခါးတော်မှာ ခါးသိမ် ဖြစ်ပါသည်။

၎င်းအုတ်ခွက်များအနက် ဗုဒ္ဓဝင်ရှစ်ခန်းပါ အုတ်ခွက်တစ်ဆူ (အမြင့် ၁၆ စင်တီမီတာ၊ ဗျက် ၁၀ စင်တီမီတာ) ၏ အောက်ခြေတွင်မူ ရှေးဟောင်းမြန်မာအက္ခရာဖြင့်-

"ဣဒံ ဝတ မေ ကမ္မံ သဗ္ဗညုတဉာဏ
ပဋိဝေဓဿ ပစ္စယော ဟောတု (တိ)"

ဟူသော ပါဠိစာတစ်ကြောင်း ပါရှိသည်။

ထိုအချက်များသည် ဆင်းတုတော်သုံးဆူတို့မှာ ၁၁-ရာစု အနော်ရထာမင်းကြီး၏ လက်ထက်တော်က တည်ထားခဲ့သော ရှေးဟောင်းလက်ရာဖြစ်ကြောင်း တွေ့မြင်သိရှိရပါသည်။

## ၆-၁-၂။ သုံးထပ်ဆင်းတုတော်များ

ပင်းယခေတ်တွင် အပြင်လွှမ်းငုံစေတီတော်ကြီးကို ဖယ်ရှားလိုက်သောအခါ ပုဂံခေတ် နှစ်ထပ်ဂူဘုရားကြီး ပေါ်ထွက်လာခဲ့သည်။ ဂူဘုရားကြီး၏ အနောက်မြောက်ထောင့်တွင် အနောက်ဘက်လှည့် အုတ်ရိုးဆင်းတုတော်ကြီး တစ်ဆူ၊ ဝဲယာ ဆင်းတုတော်ငယ်နှစ်ဆူပါရှိသော သိမ်တော်ကြီးတစ်ဆောင်၊ ဂူဘုရားကြီး၏ အနောက်တောင်ထောင့်တွင် အလျား ၃၆ ပေ၊ အနံ ၁၂ ပေခန့်ရှိသော အုတ်ရိုးအတွင်း၌ ကျောချင်းကပ် အုတ်ရိုးဆင်းတုတော်ငယ်နှစ်ဆူတို့ ပေါ်ထွက်လာခဲ့သည်။ ဤအဆောက်အအုံများ၏ ကြမ်းပြင်မှာ လက်ရှိမြေပြင်အောက် ၅ ပေ အနက်တွင် တည်ရှိနေကြသည်။

ထိုနေရာနှစ်ခုလုံးကို အသေးစိတ်တူးဖော်ရာတွင် ဆင်းတုတော်များသည်လည်းကောင်း၊ အောက်ခံကြမ်းပြင်များသည်လည်းကောင်း သုံးဆင့်သုံးထပ်စီ ရှိနေသည်ကို

တွေ့ရသည်။ အတွင်းသုံးထပ်သည် ၁၁-ရာစု ပုဂံခေတ်လယ် ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း၊ နရပတိစည်သူမင်း၊ ထီးလိုမင်းလိုမင်းတို့၏ ခေတ်နှင့်သက်ဆိုင်သည်။ အပြင်ဆုံးအထပ်သည် ၁၃-ရာစု ပုဂံခေတ်နှောင်းပိုင်းကာလနှင့် သက်ဆိုင်နေကြောင်း တွေ့ရှိရသည်။ ထိုဆင်းတုတော်များ၏ အတွင်းဆုံးအထပ် ပလ္လင်တော်ထက်ရှိ ကြာမှောက်ကြာလှန် အုတ်ရိုးပလ္လင်တော် အုတ်စီထားပုံမှာ ပုဂံခေတ် အနော်ရထာမင်းကြီး၏ လက်ထက်တော် ပန်းရံအုတ်စီပုံအတိုင်း အုတ်များကို ကြာဖတ်များပုံသဏ္ဍာန် အခုံး၊ အခွက်ပေါ်အောင် အုတ်ကို စိတ်ရှည်စွာ ပညာသားပါစွာ ခုတ်ထွင်၊ ထုဆစ်၍ စီထားသော ရှားပါးသည့်လက်ရာမျိုးဖြစ်သည်။

စနေထောင့်ရှိ အနောက်ဘက်လှည့် ရုပ်ပွားတော်မှာ ၁၃-ရာစု ပုဂံခေတ်နှောင်းလက်ရာဖြစ်သော်လည်း ဆင်းတုတော်အောက်ခြေရှိ ပလ္လင်တော်အောက်တွင် ရှေးကျသော ပလ္လင်တော်နှစ်ဆူ ရှိနေသေးသည်ကို တွေ့ရသည်။ ပလ္လင်တော်က ငုံ၍တည်ထားပြီး ဒုတိယခေတ် ဆင်းတုတော်ကို နောက်ဆုံးခေတ် ပလ္လင်တော်က ငုံ၍တည်ထားခဲ့ကြောင်း သဲလွန်စများ တွေ့ရသည်။

အထင်ရှားဆုံးမှာ အရှေ့ဘက်လှည့် ဆင်းတုတော်ဖြစ်သည်။ အတွင်းဆုံး၌ အနော်ရထာမင်းလက်ထက် ဂုပ္တ

ခေတ်ဟန် ၁၁-ရာစု ဆင်းတုတော်ရှိပြီး အလယ်၌ ပါလ ခေတ်ဟန် ကျန်စစ်သားမင်းကြီးနှင့် စောလူးမင်းတို့လက်ထက် ၁၂-ရာစု နှောင်းလက်ရာ ဖြစ်သည်ဟု တွေ့ရှိရသည်။ အပေါ်ဆုံးဆင်းတုတော်မှာ ၁၃-ရာစုလက်ရာ ဖြစ်သော်လည်း ၁၂-ရာစုလက်ရာအချို့ ပါဝင်နေသေးသည်။ ဆင်းတုတော်များ အားလုံး၌ မြေမီးဖုတ်ခရုခွေဆံတော်များ စိုက်ထားသည်ကို တွေ့ရသည်။

## ၆-၂။ ဂူဘုရားများ

မြန်မာပြည်အနှံ့အပြားတွင် မြင်တွေ့ဖူးမြော်ရသည့် ဂူဘုရားများမှာ ပျူခေတ် သရေခေတ္တရာမြို့ဟောင်းရှိ "ဘဲဘဲ" ဂူမှစ၍ အာနန္ဒာဘုရားကဲ့သို့ ဆင့်ကဲဆင့်ကဲ ပြောင်းလဲ တိုးတက်လာသော ဆောက်လုပ်ရေးနည်းပညာ (construction technology) နှင့် မြင့်မားလာသော စိတ်ကူးအတွေး အခေါ်များကြောင့် ဂူဘုရားများကို တည်ထားသော ဆောက်လုပ်ရေးနည်းပညာများ တိုးတက်လာသည်ကို တွေ့မြင် ရနိုင်ပါသည်။ ဂူဘုရားများအား (structure engineering) ရှုထောင့်မှကြည့်ပါက ခေတ်အလိုက် အောက်ပါအတိုင်း ခေတ်သုံးမျိုး တွေ့ရပါသည်။

(က) Hall type

ဂန္ဓကုဋီတိုက်အား စုထိုးပေါင်းကူး (cross vault) သို့မဟုတ် အုန်းလက်ခံပေါင်းကူး (Hopped tunnel vault) ဖြင့် တည်ဆောက်ထားသော အမျိုးအစား။

(ခ) Central pillor type

ဂန္ဓကုဋီတို့ကို အလယ်တွင် မဏ္ဍိုင် (Pillor) နှင့် တည်ဆောက်သောအမျိုးအစား

(ဂ) တတိယအမျိုးအစားမှာ Hall type နှင့် Central pillor type တို့မှ နည်းပညာတို့ကို စုပေါင်း၍တည်ဆောက်ထားသော အမျိုးအစားတို့ ဖြစ်ပါသည်။

## ၆-၂-၁။ ပုဂံခေတ်ဦးပိုင်းကာလ ဂန္ဓကုဋီတိုက် အမျိုးအစား

ဂန္ဓကုဋီတိုက်အား စုထိုးပေါင်းကူး (Cross vault) သို့မဟုတ် အုတ်လက်ခံပေါင်းကူး (Hopped tunnel vault) ဖြင့် တည်ဆောက်ထားသော အမျိုးအစားပုံစံ ဖြစ်ပါသည်။ အဓိကဘုရားဆင်းတုထားသော ဂန္ဓကုဋီတိုက်ကို (Cross vault) စုထိုးပေါင်းကူး သို့မဟုတ် (Two sides hopped vault) နှစ်ဖက်အုန်းလက်ခံပေါင်းကူးတို့ဖြင့် တည်ထားသော ဂူဘုရား

များတွင် အာရုံခံခေါ် ရှေ့ထွက်ဆောင် (vestibule) သည် တစ်ဆောင်တည်း မဟုတ်ချေ။ နှစ်ဆောင် သို့မဟုတ် သုံးဆောင်အထိ ဆက်လက်ထားရှိ၍ တစ်ဆင့်တိုးတက်လာသော Plan ပုံစံများ ပေါ်ထွက်လာပါသည်။ အလောင်းစည်သူမင်းလက်ထက် တည်ထားသော ကျဆင်းစေတီတော်၊ လောကထိပ်ပန်စေတီတော်များတွင် ဂန္ဓကုဋိတိုက်တွင် အလယ်မဏ္ဍိုင်မရှိသောကြောင့် ပတ်လည်စင်္ကြန် (corredor) ပါဝင်ခြင်း မရှိပါ။ ယင်းဂူဘုရားတို့သည် အများအားဖြင့် အဓိကအဝင်ဝသည် တစ်ဖက်တည်းတွင်သာရှိပြီး အဓိကဘုရားဆင်းတုတော်သည်လည်း တစ်ဖက်သို့ (အများအားဖြင့်) အရှေ့ဘက်ကိုသာ) မျက်နှာမူထားသည်ကို တွေ့ရှိရပါသည်။ ပုဂံခေတ်ဦးပိုင်း အနော်ရထာမင်းမြတ်ကုသိုလ်တော် တည်ထားခဲ့သော ဘုရားများအနက် ပုဂံရှိ နွားပြဂူ၊ ဂူတော်သစ်စေတီတို့မှာ အထက်ပါအတိုင်း တစ်ထပ်ဂူဘုရားအမျိုးအစားဖြစ်ပြီး တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်၏ မူလတစ်ထပ်ဂူဘုရားပုံစံနှင့် အမျိုးအစားတူညီသည်ကို တွေ့မြင့်ရပါသည်။ တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်၏ မူလတစ်ထပ်ဂူဘုရားမှာ မင်းမြတ်အနော်ရထာလက်ထက် ပုဂံခေတ်ဦးပိုင်း အေဒီ ၁၁-ရာစုခန့်က တည်ထားခဲ့သော ဂူဘုရားဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပုဂံခေတ် ၁၁-ရာစုတွင် တည်ဆောက်ခဲ့သော ဘုရား

များမှာ မြေစိုက်စေတီနှင့် တစ်ထပ်ဂူမိုးလျော၊ ကွမ်းတောင်ပေါက်၊ စေတီပေါက်နှစ်မျိုး တည်ဆောက်လေ့ရှိကြပါသည်။ ၁၂-ရာစု၊ ၁၃-ရာစု ပုဂံတွင် နှစ်ထပ်ဘုရားများ၊ ကွမ်းတောင်ပေါက်များကိုသာ တည်ဆောက်ကြပြီး စေတီပေါက် နှစ်ထပ်ဂူဟူ၍ ပုဂံတွင် မရှိသလောက်ဖြစ်သည်။ ထိုအချက်များမှာလည်း တမုတ်ရွှေဂူနှင့် ကိုက်ညီနေသည်။ တမုတ်ရွှေဂူသည် အောက်ထပ်ဂူဟောင်းပေါ်တွင် အပေါ်ထပ် ဂူသစ်တစ်လုံး ထပ်တည်ထားကာ နှစ်ထပ်ဂူပုံစံ ဗိသုကာလက်ရာ ပြောင်းထားသည့်သဘောကို တွေ့ရသည်။ ပထမတစ်ထပ်ဂူဘုရား ပြိုပျက်ခဲ့သဖြင့် နောက်ထပ်နှစ်ထပ်ဂူဘုရားအဖြစ် မွမ်းမံ ပြုပြင်တည်ထားခဲ့ခြင်းပင်ဖြစ်သည်။ ပုဂံတွင် နှစ်ထပ်စေတီပေါင်း ၅၀ ကျော်ခန့် ရှိသော်လည်း ဂူဘုရားကို ငုံ၍တည်သောလက်ရာမှာ တမုတ်ရွှေဂူကြီးတစ်ဆူသာ တွေ့ရပါသည်။

## ၆-၃။ တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်မြတ်မှ မုခ်ဦးဝင်ပေါက်များ

တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်တွင် မုခ်ဦးအဝင်ပေါက် သုံးမျိုးမျှသာ ရှိသည်ကို တွေ့ရှိရသည်။

(က) ဂုံးဝိုင်းမုခ်ဦး

(ခ) ဂုံးချွန်းမုခ်ဦး

(ဂ) သစ်သားအဆောက်အဦများကို ပုံစံယူ၍ ပြုလုပ်ထားသော ပန်းတော့အင်္ဂတေအဖြောင့် ဂုံးတို့ ဖြစ်သည်။

## ၆-၃-၁။ ဂုံးဝိုင်းမုခ်ဦး

ထက်ဝက်ခြမ်းထက်ဝက် (Hall circle) ပုံ ဂုံးဝိုင်းကို စေတီတော်ကြီး၏ အောက်ထပ်တွင် တွေ့ရှိရသည်။ ဤဂုံးပုံစံသည် ၁၁-ရာစုနှောင်း ပုဂံစေတီပုထိုးများဖြစ်သော နဂါးရုံ၊ အပယ်ရတနာ၊ နတ်ကြီးဂူ(အပယ်ရတနာအနီး)၊ ငါးမျက်နှာစေတီ(မင်္ဂလာစေတီအရှေ့) စသည်တို့တွင် တွေ့ရှိနိုင်သည်။ မူလက အနော်ရထာမင်းကြီး၏ တစ်ထပ်ဂူဘုရား၏ လက်ကျန်အပိုင်းဖြစ်သည်။

## ၆-၃-၂။ ဂုံးချွန်းမုခ်ဦး

ထိပ်တွင် သပ် (Key stone) ပါဝင်သော ဂုံးချွန်းကို ၁၂-ရာစု ပုဂံစေတီပုထိုးများတွင် တွေ့ရရှိရတတ်သည်။ အာနန္ဒာ၊ ကန်တော့ပလ္လင်၊ သဗ္ဗညု၊ ထီးလိုမင်းလို၊ စူဠာမဏိ စသော ဂူဘုရားများတွင် တွေ့ရှိနိုင်သည်။ ဒုတိယအကြိမ် နရပတိစည်သူမင်းကြီး ကွမ်းတောင်ပေါက် နှစ်ထပ်ဂူဘုရား အဖြစ် ပြန်လည်ပြုပြင်စဉ်အခါက အထက်အထပ်တွင် ဆောက်လုပ်ခဲ့သော လက်ရာဖြစ်သည်။

**၆-၃-၃။** ဂုံးချွန်းအထက်တွင် ကြွေးကွေးမပါဘဲ သစ်သား အဆောက်အအုံများ၏ အမွှမ်းပန်းများကဲ့သို့ "တိန် ညင်းဘောင်" ကို အဖြောင့်ပြုလုပ်ထားသောလက်ရာကို အောက်ထပ်မှ အပေါ်ထပ်သို့တက်သော လှေကားထိပ်၏ ဝင်ပေါက်တွင် တွေ့ရှိနိုင်သည်။ ၁၂-ရာစု လက်ရာဖြစ်သည်။ ပုဂံမြို့ ဆုတောင်းပြည့်အုတ်ကျောင်းတွင် ဤသို့သော "တိန်ညင်းဘောင်" အဖြောင့်ပြုလုပ်ထားသည့် မုခ်ပန်း၊ ပန်းတော့လက်ရာများကို တွေ့ရှိနိုင်သည်။ ထို့ကြောင့် တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားတွင်-

- ၁၁-ရာစုလက်ရာဂုံးဝိုင်း
- ၁၂-ရာစုလက်ရာဂုံးချွန်းနှင့်
- တိန်းညင်းပေါင်းအဖြောင့်ဝင်ပေါက်ဂုံး

သုံးမျိုးသုံးစား တွေ့ရှိရသည်။

## ၆-၄။ ရှင်ပင်ရွှေဂူကြီးမြတ်စွာဘုရား၏ ထူးခြားချက်များ

(၁) ပုဂံမြို့နှင့် မိုင် ၁၂၀ ကွာဝေးသော ကျောက်ဆည် ဒေသတွင် ပုဂံခေတ်လက်ရာ ဂူဘုရားတစ်ဆူအဖြစ် တည်ရှိခြင်း။

(၂) ပုဂံဒေသတွင် (က) အရွယ်ကြီး၊ (ခ) အရွယ်လတ်၊ (ဂ) အရွယ်ငယ်ဟူ၍ နှစ်ထပ်ဂူဘုရားအမျိုးအစား

အပြည့်အစုံ ထည့်သွင်းထားသော (Miniature) စေတီတော်ငယ်ဖြစ်ခြင်း၊

(၃) ပုဂံရှိ ဂူဘုရားများတွင် ကနုတ်မပါ၊ ပြောင်ထားသော အပြင်နံရံများတွင် (၁၂×၁၂) လက်မအရွယ် အနုစိတ် ကနုတ်ပန်းခက်များနှင့် အရုပ်မျိုးစုံပါရှိသဖြင့် ဤဂူ ဘုရားကြီးသည် အပြောက်အမွမ်း အပြည့်အစုံ ပါသော "ဂူပြောက်" အမျိုးအစားဖြစ်ခြင်း၊

(၄) ပုဂံစေတီတော်များတွင် ရွှေစည်းခုံ၊ မင်္ဂလာစေတီ၊ ဓမ္မရာဇက စသော စည်းခုံပုံစေတီတော်ကြီးများ တို့တွင် ၅၅၀ စဥ့်ကွင်းဇာတ်တော်များပါရှိပြီး အာနန္ဒာ စေတီတော်မှအပ ကျန်ဂူဘုရားများတွင် ၅၅၀ ဇာတ် တော်များ ပါရှိလေ့ မရှိသော်လည်း ဤရှင်ပင်ရွှေ ဂူကြီးဘုရားကြီးသည် ကွမ်းတောင်ပေါက်ဂူဘုရား ဖြစ်သော်လည်း ၅၅၀ ဇာတ်တော်များ ပါရှိခြင်း၊

(၅) ကျောက်ဆည်ဒေသရှိ ပုဂံခေတ်ဂူဘုရားများသည် ထိပ်တွင် စေတီပေါက်ဘုရားများသာဖြစ်ပြီး ဤရှင်ပင် ရွှေဂူကြီးဘုရားမှာ "ထိပ်တွင် ကွမ်းတောင်ပေါက် စေတီတော်" ဖြစ်ခြင်း။

(၆) ပုဂံခေတ်တွင် ကျောက်စာ၊ ပေစာ၊ နံရံစာ၊ အုတ်ခွက် စာ၊ အုတ်ခဲစာ၊ ကြေးပြားစာ၊ ပိတ်စစာဟူ၍သာရှိရာ

ဤရှင်ပင်ရွှေဂူကြီးဘုရားတွင် အင်္ဂတေစာပါ ရှိသဖြင့် မြန်မာနိုင်ငံတွင် တစ်ဆူတည်းသော အင်္ဂတေစာပါရှိသည့် စေတီတော်ဖြစ်ခြင်း၊

(၇) ဤရှင်ပင်ရွှေဂူကြီးစေတီ ပုဂံခေတ်ဘုရားကြီးသည် ပင်းယခေတ် သက္ကရာဇ် ၇၀၀ ကျော်ခန့်က အပြင်မှ ငုံ၍တည်ထားသည့် "နှစ်ထပ်စေတီတော်"ဖြစ်ခြင်း၊

(၈) အပြင်မှ စေတီတော်ငုံထားသဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၈၀၀ ခန့်က အခြေအနေအတိုင်း ပျက်စီးမှု နည်းပါးစွာဖြင့် အကောင်းပကတိ ပြည့်စုံစွာ ဖူးတွေ့နိုင်ခြင်း၊

(၉) ဤဘုရားကြီးသည် အချို့သော ပုဂံဘုရားများကဲ့သို့ ထွက်ရပ်ပေါက်ပညာဖြင့် စီမံတည်ထားခဲ့သဖြင့် ဝင်ပေါက်သည် မြောက်ဘက်သို့လှည့်နေသော ရှားပါးသည့် "မြောက်လှည့်ဂူဘုရားကြီး" ဖြစ်သည်။

## ၆-၅။ အင်္ဂတေပန်းတော့လက်ရာထူးခြားချက်များ

(၁) ပုဂံတစ်မြို့လုံးတွင် မြင်းကပါရွာ၏အရှေ့ ကုသိနာရုံ ဘုရား၌သာ ဖူးတွေ့နိုင်သော ဂဠုန်မြင်း၊ အလယ်တွင် နဂါးသုံးကောင်နှင့် အောက်ဆုံးတွင် ဘီလူးခေါင်းပုံ ပါရှိသော စိုင်ပေါင်ဘောင်ရှိ အင်္ဂတေပန်းတော့

လက်ရာကို ဤဘုရား၌ အကောင်းပကတိ တွေ့ရခြင်း၊

(၂) ပုဂံတစ်မြို့လုံးတွင် ဘုရားအမှတ် (၁၄၁၀) (မင်္ဂလာစေတီအနီး)၌သာ ဖူးတွေ့နိုင်သော ထောင့်စေတီအောက်ရှိ ကိုယ်နှစ်ခွရုပ်ကြွ ခြင်္သေ့မင်းပုံ (ခေါင်းမပါရှိတော့)ကို ဤဘုရား၌ အကောင်းပကတိ ထောင့်နှစ်ထောင့်တွင် ကျန်ရှိနေခြင်း၊

(၃) ပုလဲသွယ်များ၊ ခါးတောင်းမြီးနှင့် ခါးစည်းကြိုးများပါရှိသည့် ရှားပါးလှသော တင်ပျဉ်ခွေ ရှိခိုးလျက်ရှိသော နတ်မင်းကြီး ၁၆ ပါး၏ ပုံတော်များပါရှိခြင်း၊

(၄) သပိတ်မှောက်(ခေါင်းလောင်း)တွင် ရင်ဘွဲ့ခါးစည်းကြိုးများ မပါရှိဘဲ ဖောင်းရစ် (ဆတ္တဝတီ)တွင် စိန်တောင်ရှစ်ခုပါသော ရှေးကျသည့် စေတီတော်ပုံစံကို ထောင့်စေတီ ၁၆ ဆူအဖြစ် တည်ထားခဲ့ခြင်း၊

(၅) တိရစ္ဆာန်မျိုးစုံ၊ ငှက်မျိုးစုံကို ၁၂-ရာသီ ကနုတ်ပန်းများနှင့်အတူ ထည့်သွင်းပြုလုပ်ထားခြင်း၊

(၆) တိုက်မ၏ ကလပ်တိုးထောင့်များရှိ ထောင့်ခလုတ်ကို ပုဂံမြို့ စူဠာမုနိဘုရား ထောင့်ခလုတ်ကဲ့သို့ အလွန်လှပ၍ ကြွကြွရွရွရှိသော ဘီလူးခေါင်းပုံ ထုလုပ်ထားခြင်း၊

(၇) နံရံတွင် မာရဘင်အကွက်များဖော်၍ ဆင်၊ မြင်း၊

ဟသ်ာ၊ ဥဒေါင်း၊ လွန်းကြင်၊ ဗျိုင်း၊ ဇီးကွက်၊ ငှက်ဆင်၊ ကျေး၊ ကြက်ဖ၊ မျောက်၊ လူမျိုးစုံ၊ နတ်မျိုးစုံ၊ ပန်းပွင့် ပန်းခက်မျိုးစုံ ပုံများကို စံနစ်ကျစွာ စီစဉ်ထားသို ထည့်သွင်းပြုလုပ်ထားခဲ့ခြင်း၊

(၈) အပေါ်ထပ်အောက်ထပ် ကလပ်တိုးထိပ်ရှိ စိန်တောင်များတွင်လည်း ကနုတ်ပန်းများသာမက ငှက်နှစ်ကောင်နှင့် မုံ့ကြာဖူး၊ သမင်နှစ်ကောင်နှင့် ဓမ္မစကြာ၊ ခြင်္သေ့နှစ်ကောင်နှင့် ကနုတ်ပန်း၊ လူမျိုးစုံ၊ နတ်မျိုးစုံနှင့် အရုပ်မျိုးစုံတို့ကို တစ်ခုနှင့်တစ်ခု မထပ်စေရန် ပုံစံအမျိုးမျိုး ပြောင်းလဲပြုလုပ်ထားခြင်း၊

(၉) အောက်ထပ်ရှိ ဝင်ပေါက်များမှာ ၁၁-ရာစုဟန် ဂုံးဝိုင်းများဖြစ်ပြီး အပေါ်ထပ်ရှိ ဝင်ပေါက်များမှာ ၁၂-ရာစုဟန် ဂုံးချွန်းများဖြစ်ခြင်း၊

(၁၀) တိန်ညင်းဘောင်ကို အဖြောင့်၊ အခုံး၊ အချိတ် ပုံစံသုံးမျိုးဖြင့် ပြုလုပ်ထားခြင်း။

**ညိုမြင့်ထွန်း(ဒုတိယညွှန်ကြားရေးမှူး)**

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်၊

မန္တလေးမြို့။